စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁/၂၀၂၃

## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးကို တန်ဖိုးမြှင့်ထုတ်ကုန်အမယ်များ ထုတ်လုပ်ပါက ဈေးကွက်အလားအလာကောင်းနိုင်
- မအူပင်မြို့တွင် ဒေသထွက် ဖူးစားပြောင်းများ ယခင်နှစ်ထက် ဈေးကောင်းရရှိ
- သကြားစက်ရုံများမှထွက်ရှိလာသည့်ကြံကုန်ကြမ်းပစ္စည်းများကိုစားသောက်ကုန်လုပ်ငန်းများကဝယ်ယူအသုံးပြုနေ

### နိုင်ငံတကာဈေးကွက်

- လာမဲ့နှစ် ဖိလစ်ပိုင်ဆန်တင်သွင်းမှု တန်ချိန် သုံးသန်းထက်မနည်းရှိနိုင်
- ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွားရေးနှင့် မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုအခြေအနေ
- လာအို၌ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၅ သန်းအထိ စံချိန်တင်ရှိလာ
- အာရှ-ပစိဖိတ် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ၏ ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များချမှတ်
- အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းစားအုန်းဆီဖူလုံမှုရှိစေရန် စားအုန်းဆီပြည်ပတင်ပို့မှု လျှော့ချမည်
- မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း လာအိုနိုင်ငံသည် ၎င်း၏ ဒေသတွင်းအနေအထားကို အသုံးချ၍ ကုန်သွယ်မှုတိုးမြှင့်ရေးဆောင်ရွက်နိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာ၌ ဖော်ပြထား
- ဂျာမနီနိုင်ငံတွင် ပထမဦးဆုံး LNG Terminal ဖွင့်လှစ်
- အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ဆီအရောအနှော ၃၅ ရာခိုင်နှုန်းပါဝင်သောဘိုင်အိုဒီဇယ်ကို အသုံးပြုသွားမည်ဖြစ်
- ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်ပသို့ ရော်ဘာတင်ပို့မှု ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ်ထုတ်လုပ်ကာ တရားဝင်ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေ
- ကမ္ဘာ့ငါးသလောက်ဈေးကွက်၌ မြန်မာ့ငါးသလောက် နေရာတစ်နေရာရရှိရေး သုတေသနလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

### ပြည်ပကုန်သွယ်မှုသတင်း

- ၂၀၂၃ ခုနှစ်တွင် ပဲတီစိမ်း တန်ချိန် ၁၀၀၀၀ ကျော် ပဲတီစိမ်း အီးယူသို့ တင်ပို့မည်
- မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၅၀ ထိတင်ပို့ရန်လျာထား
- ရုရှားနိုင်ငံ၌ကျင်းပမည့် မော်စကိုအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခုနှစ်ခု ပါဝင်ပြသသွားမည်
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်း(ACSP) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး
- မြိတ်ဒေသထွက် ကဏန်းချေးပုံး၊ ငါးအသားလွှာ၊ ငါးမှုန့်နှင့် ခုံးခရုများ ပြည်ပဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် အပတ်စဉ် တင်ပို့ရောင်းချပေးနေရ

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

**အထူးဆောင်းပါးများ**

- ကမ္ဘာ့ဈေးကွက် နှစ်ကြိုသုံးသပ်ချက် - နံ့စား၊ ဆီထွက် ရောင်းအားကျပ်တည်းပြီး ဈေးနှုန်းဆက်တက်နေဦးမည်
- နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်တင်စို့

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးကို တန်ဖိုးမြင့်ထုတ်ကုန်အမယ်များ ထုတ်လုပ်ပါက ဈေးကွက်အလားအလာ ကောင်းနိုင်

မြန်မာနိုင်ငံမြောက်ဖျားပိုင်း ပူတာအိုဒေသ၌ ထူးထူးခြားခြားထွက်ရှိသည့် ဂရိတ်ဖရုသီးများသည် တန်ဖိုးမြင့်ထုတ်ကုန်အမယ်များအဖြစ် စနစ်တကျထုတ်လုပ်နိုင်ပါက ဈေးကွက်အလားအလာကောင်းသော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ထူးထူးခြားခြားထွက်တဲ့ ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးဟာ ပူတာအိုဒေသလို အအေးပိုင်းမှာ စိုက်လို့ရတယ်။ ဒီသီးနှံရဲ့ထူးခြားချက် မူရင်းမျိုးမဟုတ်ဘဲနဲ့ အမေရိကန် သာသနာပြုတွေက ဦးဆောင်ပြီးတော့စိုက်သွားတဲ့ အမျိုးအစားဖြစ်ပါတယ်။ ဂရိတ်ဖရုသီးက ကျွန်တော်တို့နိုင်ငံမှာ ထူးခြားတဲ့သီးနှံဖြစ်တဲ့အတွက်ကြောင့် ပူတာအိုဒေသမှာပဲ ထွက်တာတွေ့ရမှာဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်မောင်းက ပြောသည်။

ဂရိတ်ဖရုသီးဖြင့် ဝိုင်၊ ယို၊ ဂျယ်လီ၊ ဂရိတ်ဖရုဖျော်ရည်စသည့် တန်ဖိုးမြင့်စားသောက်ကုန်များ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ပြင် ဂရိတ်ဖရုသီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာလန်းဆန်းစေ၍ ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သိရသည်။ "ဂရိတ်ဖရုသီးကို ဝိုင်၊ ယို၊ ဂျယ်လီ၊ ဖျော်ရည်စသည်ဖြင့် အများကြီးလုပ်လို့ရတယ်။ ဒီသီးနှံတွေစားခြင်းအားဖြင့် ခန္ဓာကိုယ်လန်းဆန်းစေပြီး ကျန်းမာရေးအတွက်များစွာအထောက်အကူပြုတယ်။ အရင်ကစိုက်ခဲ့တဲ့ ဂရိတ်ဖရုပင်တွေကတော့ အပင်အိုအပင်ဟောင်းဖြစ်တဲ့အတွက် အထွက်နှုန်းနည်းတယ်ပေါ့။ ဒါကြောင့် ဒေသတစ်ခုထုတ်ကုန်တစ်ခုအနေနဲ့ ဂရိတ်ဖရုသီးထုတ်ကုန်ကို ဒီထက်မက တောင်သူတွေက စိုက်ပျိုးပြီး ထုတ်လုပ်မယ်ဆိုရင် အများကြီးအကျိုးရှိနိုင်မယ့် အသီးအနှံဖြစ်ပါတယ်"ဟု ပြည်နယ်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ပူတာအိုဒေသမှထွက်ရှိသည့် ဂရိတ်ဖရုသီးများကို မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန်ဈေးကွက်များသို့ ရောင်းဝယ်ဖောက်ကားသည်ကို တွေ့ရှိရပြီး ပူတာအိုဒေသထွက် ဂရိတ်ဖရုသီး၏ ထူးခြားချက်မှာ သက်တမ်းပြည့်အချိန်တွင် အနာအဆာမရှိဘဲ ခူးဆွတ်သည့် အသီးအနှံများသည် သက်တမ်းကြာရှည်သိုလှောင်ထားရှိနိုင်ခြင်းဖြစ်ကြောင်း သိရသည်။ "အနာအဆာမရှိဘဲ သက်တမ်းပြည့်တဲ့အချိန် ခူးတဲ့သီးနှံဆိုရင် သုံးလကနေ ခြောက်လလောက်ထားလို့ရတယ်။ ဒီသီးနှံတွေက အထားခံတဲ့သီးနှံတွေဖြစ်တဲ့အတွက်ကြောင့် တောင်သူတွေလည်း များများစိုက်သင့်တယ်။ နောက်တစ်ခုက သုတေသနလုပ်ငန်းပြုလုပ်ပြီးတော့တွေ့ရှိချက်အရ တန်ဖိုးမြင့်ထုတ်ကုန်အမယ်တွေအများကြီးထုတ်မယ်ဆိုရင် ဈေးကွက်အလားအလာအလွန်ကောင်းတဲ့ အသီးအနှံတွေဖြစ်တယ်"ဟု ပြည်နယ်ဦးစီးမှူးက ပြောသည်။

ပူတာအိုဒေသ၌ ဂရိတ်ဖရုသီးအပြင် အခြားဒေသများတွင် ထွက်ရှိမှုနည်းသော ဝါရှင်တန်သီး၊ အမေရိကန်သံပရာသီး၊ သွေးသီးစသည့် သီးနှံအများအပြားစိုက်ပျိုးထွက်ရှိသလို ဆေးဖက်ဝင် ဆေးမြစ်ဆေးဥများဖြစ်သည့် သစ်ကြားသီး၊ ရှိုးပတီး၊ မချစ်ဥနှင့် ခန်းတောက်မြစ်များလည်း အစုံအလင်ပေါက်ရောက်ကြောင်း သိရသည်။ "ပူတာအိုဒေသမှာထွက်ရှိတဲ့ ဂရိတ်ဖရုသီး၊ ဝါရှင်တန်သီး၊ အမေရိကန်သံပရာသီး၊ သွေးသီးတွေဟာ အောက်ပိုင်းဒေသမှာ အထွက်နည်းတယ်။ ပူတာအိုဒေသမှာပဲ အထွက်များပါတယ်။ ရှိုးပတီး၊ မချစ်ဥ၊ ခန်းတောက်မြစ်တွေကလည်း တကယ့်ဆေးဖက်ဝင် ဆေးမြစ်ဆေးဥတွေဖြစ်ပါတယ်။ ဒါတွေကို တကယ်တန်ဖိုးမြင့်ထုတ်ကုန်ထုတ်မယ်ဆိုရင် ဝယ်လိုအားတွေမြင့်တက်နိုင်တဲ့ အသီးအနှံတွေဖြစ်တဲ့အတွက် ဒီထက်မက စိုက်ပျိုးစေချင်တယ်"ဟု ပြည်နယ်မှူးက ဆက်လက်ပြောကြားသည်။

ဂရိတ်ဖရုသီးများသည် ပူတာအိုဒေသသို့ လာရောက်လည်ပတ်သူတိုင်း အိမ်ပြန်လက်ဆောင်၊ ဒေသရောက်အမှတ်တရ လက်ဆောင်အနေဖြင့် ဝယ်ယူလျက်ရှိသော အသီးအနှံတစ်မျိုးဖြစ်ပြီး လက်ရှိတွင် ဒေသပေါက်ဈေးအရ အလုံးကြီးတစ်လုံးလျှင်

ကျပ် ၆၀၀၊ အလုံးသေးတစ်လုံးလျှင် ကျပ် ၅၀၀နှင့် မြို့မဈေး၊ လေယာဉ်ကွင်းဈေးများနှင့် လေဆိပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## မအူပင်မြို့တွင် ဒေသထွက် ဖူးစားပြောင်းများ ယခင်နှစ်ထက် ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဒေသထွက် ဖူးစားပြောင်းများ ယခင်နှစ်ထက် ဈေးကောင်း ရရှိနေကြောင်း မအူပင်မြို့ရှိ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ကပြောပြ၍သိရသည်။

မအူပင်မြို့နယ်တွင် မိုးကာလက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းများ စတင်ထွက်ရှိနေကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပြီးခဲ့သည့်နှစ် ပြောင်းဖူးပေါ်ချိန်က ဖူးစားပြောင်းတစ်ဖူးလျှင် ငွေ ၄၅ ကျပ် ဈေးသာရှိခဲ့ပြီး ယခုနှစ် ပြောင်းဖူးပေါ်ချိန်တွင် ဖူးစားပြောင်းတစ်ဖူးလျှင် ငွေ ၁၅၅ ကျပ်ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။ "လက်ရှိ မအူပင် မြို့နယ်မှာ မိုးကာလကစိုက်ခဲ့တဲ့ ဖူးစားပြောင်းတွေပေါ်ချိန်ဖြစ်ပါတယ်။ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်တိုင်း ဒေသကြီးဘက်ကို တင်ပို့ရောင်းချပေးနေတာ မနှစ်ကထက် ဈေးကောင်းရရှိနေပါတယ်။ ရန်ကုန်ဘက်က ဈေးကွက်ကောင်းပြီး အဝယ်သွက်ပါတယ်။ လက်ရှိတစ်နေ့ကို ၁၀ ဘီးကား ငါးစီးကနေ ၁၀စီးထိ တင်ပို့ရောင်းချနေရပါတယ်။ ဒီနှစ် ဖူးစားပြောင်း စိုက်သူနည်းလို့ ရန်ကုန်ဈေးကွက်ကို အခြားဒေသတွေက ပြောင်းတွေအဝင်နည်းနေတာကြောင့် ဈေးကောင်းရရှိနေတာဖြစ်ပါ တယ်" ဟု မအူပင်မြို့ရှိ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။

မအူပင်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ဈေးကောင်းရရှိနေသဖြင့် တောင်သူများ၊ ကုန်သည်များ၊ လုပ်သားများ အဆင်ပြေနေကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မအူပင်မြို့နယ်တွင် ဖူးစားပြောင်း ၁၁၂၂ ဧက ထိစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5495-in-maupin,-the-price-of-locally-produced-corn-is-better-than-last-year.html

## သကြားစက်ရုံများမှ ထွက်ရှိလာသည့် ကြံကုန်ကြွင်းပစ္စည်းများကို စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူအသုံးပြုနေ

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သကြားစက်ရုံများမှ ထွက်ရှိလာသည့် ကြံကုန်ကြွင်းပစ္စည်းများကို ပြည်တွင်းရှိ အလုပ်ရုံများနှင့် စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူအသုံးပြုနေကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်လုပ်ငန်းရှင်များ အသင်း (မန္တလေး)မှ သိရသည်။

ယခုနှစ် ကြံရာသီတွင် သကြားစက်ရုံများက ကြံများကို ကြိတ်ဝါးပြီး လည်ပတ်ရာ၌ သကြားရရှိသည့်အပြင် ဘေးထွက် ကုန်ကြွင်းပစ္စည်းများဖြစ်သည့် ကြံဖတ်၊ ကြံသကာရည်နှင့် ကြံမြုပ်ချေးများလည်းရရှိကြောင်း၊ ထွက်ရှိလာသည့် ၎င်းကုန်ကြွင်း ပစ္စည်းများကို ပြည်တွင်းရှိ အလုပ်ရုံများနှင့် စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူပြီး ကုန်ကြမ်းအဖြစ် အသုံးပြုကြကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

"သကြားစက်တွေက ကြံကို ချက်ရင် သကြားရတယ်။ ဒါ့ပြင် ထွက်ရှိလာတဲ့ဘေးထွက်ကုန်ပစ္စည်းအနေနဲ့ကတော့ သကာရည်ထွက်မယ်။ ကြံဖတ်နဲ့ကြံမြုပ်ချေးထွက်ပါတယ်။ ကြိတ်ဝါးပြီးထွက်ရှိလာတဲ့ကုန်ကြွင်းပစ္စည်းတွေအားလုံးဟာ စွန့်ပစ် စရာမရှိပါဘူး။ သကာရည်နဲ့ ကြံဖတ်ကိုတော့ စားသောက်ကုန်လုပ်ငန်းတွေမှာ ကုန်ကြမ်းအဖြစ် အသုံးပြုကြပါတယ်။ ကြံမြုပ်ချေးကိုတော့ စိုက်ပျိုးရေးလုပ်ကြတဲ့ တောင်သူတွေအတွက် သဘာဝမြေသြဇာပြုလုပ်ပါတယ်။ ရရှိတဲ့ မြေသြဇာတွေကို စိုက်ပျိုးသီးနှံတွေမှာ အသုံးပြုကြပါတယ်။ ကြံကနေထွက်ရှိတဲ့ ကုန်ပစ္စည်းတွေဟာ စွန့်ပစ်စရာမလိုဘဲနဲ့ အသုံးပြုနိုင်တဲ့အရာ တွေဖြစ်ပါတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပြသည်။

ယခုနှစ် ကြံရာသီတွင် သကြားစက်ရုံများက နိုဝင်ဘာလအတွင်းမှစ၍ ကြံများကို ဝယ်ယူကာ စက်ရုံများ လည်ပတ် လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်ရုံများ လည်ပတ်နေကြပြီဖြစ်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်လုပ်ငန်းရှင်များ အသင်း (မန္တလေး)မှ သိရသည်။

Source: ရတနာပုံသတင်းစာ

## လာမဲ့နှစ် ဖိလစ်ပိုင်ဆန်တင်သွင်းမှု တန်ချိန် သုံးသန်းထက်မနည်းရှိနိုင်

ဖိလစ်ပိုင်နိုင်ငံသို့ ဆန်အများဆုံး တင်ပို့နေသောနိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်ပြီး ၎င်း၏နောက်တွင် မြန်မာနဲ့ ထိုင်းတို့ အစဉ်လိုက်ရပ်တည်နေကြပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဆန်စပါးထုတ်လုပ်မှုကျဆင်းပြီး စားသုံးအား မြင့်တက်ကာ ဆန်ပြတ်လပ်လာနိုင်တာကြောင့် လာမဲ့နှစ်အတွင်း ဆန်တန်ချိန် သုံးသန်းထက်မနည်း တင်သွင်းဖို့ လိုအပ်နိုင်ကြောင်း လွတ်လပ်သောတောင်သူလယ်သမားများအဖွဲ့ (FFF) က ခန့်မှန်းထားကြောင်း၊ FFF အဖွဲ့၏ခန့်မှန်းချက်အရ လာမဲ့နှစ် တတိယသုံးလပတ်လောက်တွင် ဖိလစ်ပိုင် ဆန်လက်ကျန်စာရင်းဟာ တန်ချိန် ၄၂၇၀၀ လောက် အနုတ်ပြနိုင်ကြောင်း သိရပါသည်။ ဆန်လက်ကျန်စာရင်းဟာ နှစ်ကုန်ရောက်ရင် တန်ချိန် ၃၂၁၀၀၀ လောက် အပေါင်းပြလာနိုင်ပေမဲ့ ဒီမဆိုစလောက် ပမာဏဟာနိုင်ငံအတွက် ကိုးရက်စာမျှသာ လုံလောက်တယ်လို့ အဖွဲ့ကထုတ်ပြန်ပါသည်။ "၂၀၂၃ ဇူလိုင်လလောက်ဆိုရင် တောင် ဈေးနှုန်းအပေါ် ဖိအားသက်ရောက်မှု တိုးလာပါလိမ့်မည်ဖြစ်ကြောင်း သိရပါသည်။ ပထမနှစ်ဝက်ရဲ့ ဆန်လက်ကျန်ဟာ တစ်လစာလောက်သာ လောက်တော့ပမာဏ ဖြစ်နေမှာကြောင့်ပါ" ဟု FFF အဖွဲ့ဥက္ကဋ္ဌ Leonardo Montemayor က ပြောပါသည်။

ဆန်လက်ကျန်ကျဆင်းလာရတာဟာ ၂၀၂၂ အတွင်းတစ်နှစ်တာဆန်ထုတ်လုပ်မှု နိမ့်ကျခဲ့ခြင်းနဲ့ လာမဲ့နှစ် ပထမ နှစ်ဝက်မှာလည်း အလားတူအထွက်နှုန်းသာ ရှိနိုင်ခြင်းတို့ကြောင့်ဖြစ်တယ်လို့ တောင်သူလယ်သမားအဖွဲ့က ထုတ်ပြန်ပါတယ်။ နိုင်ငံရဲ့ လူဦးရေ ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးပွားလာတာနဲ့အညီ လာမဲ့နှစ် ဆန်စားသုံးမှုဟာ ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက် လာမယ်လို့အဖွဲ့က ခန့်မှန်းပါတယ်။ "ကျွန်တော်တို့ နောက်နှစ်ထဲမှာ ဆန်တန်ချိန် သုံးသန်းကနေ ၃ ဒသမ ၄ သန်းကြား တင်သွင်းဖို့လိုပါမယ်။ ထို့ကြောင့် နောက်နှစ်ကုန်တွင် နိုင်ငံအတွက် ရက် ၉၀ စာ ဖူလုံတဲ့ ဆန်လက်ကျန် ဖြည့်တင်းနိုင်မှာပါ" ဟု Montemayor က ပြောပါသည်။

အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန USDA က ခေတ်မြေဩဇာစရိတ်စက ကြီးမြင့်မှုအပြင် စက်တင်ဘာလကုန်ပိုင်းက လူဇွန်ပြည်နယ်မှာ တိုက်ခတ်သွားတဲ့ နိုရူတိုင်ဖွန်းမုန်တိုင်းတို့ကြောင့် ဖိလစ်ပိုင်ဆန်ထုတ်လုပ်မှု နိမ့်ကျနိုင်ပြီး ၂၀၂၃ နှစ်လယ် အထိ ဆန်ပိုမိုတင်သွင်းသွားရမယ်လို့ ထုတ်ပြန်ထားပါတယ်။ USDA က ဖိလစ်ပိုင်အနေနဲ့ ၂၀၂၃ အတွင်း ဆန်တန်ချိန် ၃ ဒသမ ၄ သန်း တင်သွင်းရမယ်လို့ အသစ်ထုတ်ပြန်လိုက်တာကြောင့် ယခင်ခန့်မှန်းချက် တန်ချိန် ၃ ဒသမ ၃ သန်းထက်တောင် ပိုများ တာ တွေ့ရပါသည်။

နိုရူမုန်တိုင်းဟာ ဖိလစ်ပိုင်နိုင်ငံထဲကို ဝင်ရောက်လာကာ နိုင်ငံဆန်အိုးကြီးဒေသလို့ဆိုကြတဲ့ လူဇွန်ပြည်နယ် အလယ်ပိုင်းက ရိတ်သိမ်းခါနီး စပါးများစွာကို ဖျက်စီးပစ်ခဲ့ပါတယ်။ တစ်ဖက်မှာတော့ ကြီးမြင့်လှတဲ့ မြေဩဇာဈေးကြောင့် တောင်သူတွေ မြေဆီ မဖြစ်မနေလျှော့ချသုံးစွဲလာရပြီး စပါးအထွက်နှုန်းကလည်း သုံးရာခိုင်နှုန်းလောက် လိုက်ပါကျဆင်းခဲ့ပါ တယ်။ ဒါကြောင့် USDA က ၂၀၂၂ ဇူလိုင်ကနေ ၂၀၂၃ ဇွန်လအတွင်း ဖိလစ်ပိုင်ရဲ့ ဆန်ထုတ်လုပ်မှု တန်ချိန် ၁၂ ဒသမ ၄၁၁ သန်း ရှိမယ်လို့ ခန့်မှန်းခဲ့ရာကနေ တန်ချိန် ၁၁ ဒသမ ၉၇၅ သန်းသာ ထွက်ရှိတော့မယ်လို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

ဖိလစ်ပိုင်ဟာ ယခုနှစ် ဒီဇင်ဘာ ၈ ရက်အထိ ဆန်တန်ချိန် ၃ ဒသမ ၅၄ သန်း တင်သွင်းထားတာကြောင့် မနှစ်က တစ်နှစ်လုံး တင်သွင်းမှု တန်ချိန် ၂ ဒသမ ၇၇ သန်းထက် ၂၇ ဒသမ ၇၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဖိလစ်ပိုင်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းဌာန (BPI) က ထုတ်ပြန်ပါတယ်။ ဖိလစ်ပိုင် ဆန်မှာယူတင်သွင်းတဲ့ နိုင်ငံတွေထဲမှာ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ မြန်မာ၊ ပါကစ္စတန်၊ စင်ကာပူ၊ စပိန်၊ ထိုင်းနဲ့ ဗီယက်နမ်တို့ ပါဝင်ကြောင်း BPI ထုတ်ပြန်ချက်တွေအရ သိရပါတယ်။

ဒီနှစ်ထဲမှာ ဗီယက်နမ်က ဖိလစ်ပိုင်ထံ ဆန်ရောင်းချမှုအများဆုံးအဖြစ် တန်ချိန် ၂ ဒသမ ၉၆ သန်း တင်ပို့ထားပါတယ်။ ဗီယက်နမ်နောက်မှာတော့ မြန်မာနိုင်ငံက ဖိလစ်ပိုင်ထံ တင်ပို့မှု ၂၃၁၇၃၈ တန်၊ ထိုင်းက ၁၇၂၄၅ တန်တို့နဲ့ အသီးသီး ရပ်တည်နေကြပါသည်။ Ref: Philippines may import 3 million MT rice next year – FFF - PhilStar

Source: https://greenwaymyanmar.com/posts/philippines_may_input_3millions_MT_rice_next_year

## ဂျာမနီနိုင်ငံ၏ ကုန်သွယ်စီးပွားရေးနှင့် မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုအခြေအနေ

ဂျာမနီနိုင်ငံတွင် Federal Statistical Office (Destatis) ၏ စာရင်းထုတ်ပြန်ချက်အရ အောက်တိုဘာလ၌ စက်မှုကဏ္ဍရှိ ထုတ်လုပ်သူများသည် ယခင်လကထက်(သုည ဒသမ ၁) ရာခိုင်နှုန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုများ သည်(၁ ဒသမ ၉) ရာခိုင်နှုန်းနှင့် စွမ်းအင်ထုတ်လုပ်မှုများသည် (၇ ဒသမ ၆) ရာခိုင်နှုန်းလျော့နည်းကျဆင်းလာခဲ့ကြောင်း၊ စွမ်းအင်ဈေးနှုန်းများ မြင့်တက်နေသော်လည်း ကျောက်မီးသွေးစက်ရုံများနှင့် သဘာဝဓါတ်ငွေ့များမှ လျှပ်စစ်ဓါတ်အား

ထုတ်လုပ်မှုများသည် တိုးတက်လာနေကြောင်းသိရှိရပါသည်။ အခြားတစ်ဖက်တွင်လည်း ထုတ်လုပ်မှုကဏ္ဍတွင် အမှာစာများလက်ခံရရှိမှုသည် အောက်တိုဘာလတွင် စက်တင်ဘာလထက် သုည ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ကာလတူထက် ၃ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းလာခဲ့ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင်ဝင်ငွေရရှိမှုများသည် စက်တင်ဘာလအတွင်း ယခင်လကထက် သုည ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် ကာလတူထက် ၁၂ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်းတွေ့ရှိရပါသည်။

စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်သူဈေးနှုန်းများမှာ အောက်တိုဘာလတွင် ယခင်လကထက် (၁ ဒသမ ၁) ရာခိုင်နှုန်း၊ ၂၀၂၁ ခုနှစ် ကာလတူထက် (၃၇ ဒသမ ၉)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ စိုက်ပျိုးရေးအပင်ဈေးနှုန်းများနှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းဈေးနှုန်းများမှာလည်း ၂၀၂၁ ခုနှစ် ကာလတူထက် (၂၆) ရာခိုင်နှုန်းနှင့် (၄၆ ဒသမ ၈)ရာခိုင်နှုန်း အသီးသီးတိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံတွင် ခရီးသွားကဏ္ဍ၌ ၂၀၂၂ခုနှစ် အောက်တိုဘာလတွင် Federal Statistical Office (Destatis)၏ စာရင်းထုတ်ပြန်ချက်အရ ခရီးသွားညအိပ်တည်းခိုသူအရေအတွက်သည် ( ၄၄ ဒသမ ၃ ) သန်းရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် (၂ ဒသမ ၇)ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရှိရပါသည်။

ပို့ကုန်ပိုင်းတွင် Federal Statistical Office (Destatis) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ခုနှစ် အောက်တိုဘာလ၌ ယူရို (၁၃၅ ဒသမ ၃)ဘီလီယံတင်ပို့ခဲ့ပြီး ၂၀၂၁ခုနှစ်ကာလတူထက် (၁၁ ဒသမ ၄) ရာခိုင်နှုန်း တိုးတက်လာခဲ့ကာ အမေရိကန်နိုင်ငံသို့ ယူရို(၁၃ ဒသမ ၈) ဘီလီယံတန်ဖိုးရှိ မော်တော်ကား၊ နောက်တွဲယာဉ်များနှင့် စက်ပစ္စည်းများတင်ပို့ခဲ့ပြီး ပြင်သစ်နိုင်ငံသို့ ယူရို (၁၀ ဒသမ ၁) ဘီလီယံ၊ နယ်သာလန်နိုင်ငံသို့ ယူရို(၉ ဒသမ ၆)ဘီလီယံနှင့် ရုရှားနိုင်ငံသို့ ယူရို(၁)ဘီလီယံတန်ဖိုး တင်ပို့မှုရှိခဲ့ပါသည်။ သွင်းကုန်တန်ဖိုးမှာ ယူရို (၁၃၀ ဒသမ ၁) ဘီလီယံရှိခဲ့ပြီး တရုတ်နိုင်ငံမှ ယူရို(၁၇ ဒသမ ၃) ဘီလီယံဖြင့် အများဆုံး တင်သွင်းခဲ့ပြီး ရုရှားနိုင်ငံမှ ယူရို (၁ ဒသမ ၈) ဘီလီယံတန်ဖိုး တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အောက်တိုဘာလတွင် ပို့ကုန်ပိုငွေ ယူရို (၅ ဒသမ ၂) ဘီလီယံ ရရှိခဲ့ပြီး အမေရိကန်နိုင်ငံနှင့် ကုန်သွယ်မှု ပိုငွေမှာ စက်တင်ဘာလတွင် ယူရို (၄ ဒသမ ၈) ဘီလီယံမှ အောက်တိုဘာလတွင် ယူရို(၅ ဒသမ ၇)ဘီလီယံသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံမှ အီးယူပြင်ပနိုင်ငံများသို့ ၂၀၂၂ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပို့ကုန်များတင်ပို့ရာတွင် (၅၅ ဒသမ ၆)ရာခိုင်နှုန်းမှာ ယူရိုငွေကြေးကိုအသုံးပြု၍ ကုန်သွယ်မှုပြုခဲ့ကြောင်း၊ အခြားငွေကြေးများဖြင့် ပို့ကုန်ဆောင်ရွက်မှုများမှာ အမေရိကန်ဒေါ်လာဖြင့် (၂၅ ဒသမ ၆) ရာခိုင်နှုန်း၊ တရုတ်ယွမ်ဖြင့် (၅)ရာခိုင်နှုန်းနှင့် ဗြိတိသျှပေါင်စတာလင်ဖြင့် (၄) ရာခိုင်နှုန်းတို့ ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံနှင့်ကုန်သွယ်မှု

မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုတွင် Federal Statistical Office (Destatis) ၏ ထုတ်ပြန်ချက်အရ ၂၀၂၂ခုနှစ် အောက်တိုဘာလ၌ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံသို့ ပို့ကုန် ယူရို(၄ ဒသမ ၄၅၄) သန်းတင်ပို့ခဲ့ပြီး ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် ယူရို (၁၈၈ ဒသမ ၁၂၇) သန်းတင်သွင်းမှုရှိခဲ့ပါသည်။ စက်တင်ဘာလတွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် ယူရို (၂၁၄ ဒသမ ၄၅၈) သန်းရှိခဲ့ရာမှ အောက်တိုဘာလတွင် ယူရို(၂၆ ဒသမ ၃၃၁) သန်း လျော့နည်းတင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၂ခုနှစ် အောက်တိုဘာလတွင် ဂျာမနီနိုင်ငံသို့ CMP အထည်ချုပ်၊ ဖိနပ်နှင့် အခြားစက်ပစ္စည်းကိရိယာများအပါအဝင် ပို့ကုန်ယူရို(၁၈၈ ဒသမ ၁၂၇)သန်းဘိုး တင်ပို့မှုရှိခဲ့ပြီး ပို့ကုန်ပိုငွေ ယူရို(၁၈၃ ဒသမ ၆၇၃) သန်းရရှိခဲ့ပါ သည်။ Source: https://www.destatis.de/EN/Press/2022/

Source: မြန်မာစီးပွားရေးသံမှူး(ဘာလင်)

## လာအို၌ ကုန်သွယ်မှုလိုငွေ ကန်ဒေါ်လာ ၄၅ သန်းအထိ စံချိန်တင်ရှိလာ

လာအိုနိုင်ငံသည် ယခုနှစ် နိုဝင်ဘာလတွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းအထိ စံချိန်တင်ရှိကြောင်း လာအိုကုန်သွယ်ရေး ပေါ်တယ်ဝက်ဘ်ဆိုက်မှ နောက်ဆုံးထုတ်ပြန်သော အချက်အလက်အရ သိရသည်။

ကုန်ပစ္စည်းများ တင်ပို့ခြင်းနှင့် တင်သွင်းခြင်းပြုလုပ်ရာတွင် တရုတ်-လာအို ရထားလမ်းကို အသုံးပြုသောကြောင့် လွယ်ကူချောမွေ့မှုရှိသည့်အပြင် အချိန်ကုန်သက်သာခြင်းနှင့် ငွေကုန်ကြေးကျသက်သာကြောင်း ဒီဇင်ဘာ ၂၀ ရက်တွင် လာအိုကုန်သွယ်ရေးပေါ်တယ်ဝက်ဘ်ဆိုက်၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုဝင်ဘာလတွင် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၈၃ သန်းရှိပြီး ထိုထဲမှ အမေရိကန်ဒေါ်လာ ၅၁၉ သန်းမှာ ပို့ကုန်ဝင်ငွေဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၆၄ သန်းမှာ သွင်းကုန်ဝင်ငွေဖြစ်ကြောင်း သိရသည်။ လာအိုနိုင်ငံ၏ အဓိကပို့ကုန်များမှာ သစ်သားပျော့ဖတ်၊ ပိုတက်ဆီယမ်ဆား၊ ရွှေသတ္တုရိုင်း၊ အဝတ်အစား၊ သကြား၊ ဖိနပ်၊ ငှက်ပျောသီး စသည်

တို့ဖြစ်ပြီး အဓိကသွင်းကုန်များမှာ ဒီဇယ်၊ သံမဏိနှင့် သံထည်ပစ္စည်းများ၊ ဓာတ်ဆီ၊ ပလပ်စတစ်ထုတ်ကုန်များ၊ လျှပ်စစ်ပစ္စည်းများ၊ ကားအပိုပစ္စည်းများ စသည်တို့ဖြစ်သည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ပြီးနောက် လာအိုနိုင်ငံအတွက် ထိပ်တန်းပို့ကုန်နိုင်ငံအဖြစ် ဆက်လက်ရှိနေသည်။ လာအိုနိုင်ငံ၏ အဓိကသွင်းကုန်နိုင်ငံများတွင် ထိုင်း၊ တရုတ်၊ ဆွစ်ဇာလန်၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့ ပါဝင်သည်။ Source: မြန်မာ့အလင်းသတင်းစာ

## အာရှ-ပစိဖိတ် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (APEC) ၏ ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များချမှတ်

အာရှ-ပစိဖိတ် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Asia Pacific Economic Cooperation - APEC) ၏ အဆင့်မြင့်အရာရှိကြီးများအဆင့် အလွတ်သဘောအစည်းအဝေးကို အမေရိကန်နိုင်ငံ၊ ဟိုနိုလူလူမြို့တွင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပခဲ့ရာ ၂၀၂၃ ခုနှစ် အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခဲ့ကြောင်း ၂၀၂၃ ခုနှစ်တွင် APEC အဖွဲ့၏ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်ရမည့် အမေရိကန်နိုင်ငံမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂၀၂၃ ခုနှစ်အတွင်း APEC အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများ၏ သဘာပတိအဖြစ် ဆောင်ရွက်မည့် Mike Pyle က APEC အဖွဲ့သည် ၂၀၂၃ ခုနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံအားလုံး၏ စီးပွားရေး ပြန်လည်ကောင်းမွန်ကာ ကြံ့ကြံ့ခံနိုင်ပြီး ရေရှည်ဖွံ့ဖြိုးမည့် အနာဂတ်ဖြစ်ပေါ်စေရန် ရည်ရွယ်ထားကြောင်း၊ အဆိုပါ ရည်ရွယ်ချက်အောင်မြင်ရန် အပြန်အလှန် ချိတ်ဆက်မှု (interconnected) ၊ ဆန်းသစ်တီထွင်မှု (innovative) နှင့် အားလုံးပါဝင်နိုင်မှု (inclusive) တို့ကို ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်၊ ဒီဂျစ်တယ်ကုန်သွယ်မှု၊ ပေါင်းကူးဆက်သွယ်ရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အရေး၊ ရာသီဥတုအပြောင်းအလဲနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့်ကိစ္စရပ်များ၊ စားသောက်ကုန်ဖူလုံရေး၊ ကျန်းမာရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်မှု (Women's economic empowerment)၊ ရေးယခင်ကတည်းက ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကိုယ်စားပြုမှုနည်းပါးသည့် လူမှုအသိုက်အဝန်းများအား ထောက်ပံ့ရေးတို့ကို အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

APEC အဖွဲ့အနေဖြင့် ရလဒ်များထွက်ပေါ်ရေးနည်းလမ်းများကို ဆွေးနွေးနေသည့်အပြင် လက်ရှိအခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်များ၊ ပညာရှင်များ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် စဉ်ဆက်မပြတ်ထိတွေ့သွားမည်ဖြစ်ကြောင်း၊ အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာထမ်းတစ်ဦး ဖြစ်သူ Matt Murray က ပြောကြားခဲ့သည်။

APEC အစည်းအဝေးများကို ၂၀၂၃ ခုနှစ်၏ ဖေဖော်ဝါရီ၊ မေ၊ စက်တင်ဘာနှင့် နိုဝင်ဘာလများတွင် အမေရိကန်နိုင်ငံ၏ မြို့ကြီးများ၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရှိရပါသည်။ Source: https://www.apec.org/
Source: https://www.commerce.gov.mm/my/article/update-news-international-trade/

## အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းစားအုန်းဆီဖူလုံမှုရှိစေရန် စားအုန်းဆီပြည်ပတင်ပို့မှု လျှော့ချမည်

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းစားအုန်းဆီဖူလုံမှုရှိစေရန် ဆောင်ရွက်ချက်အနေဖြင့် ပြည်တွင်းရောင်းချသော ပမာဏအပေါ်မူတည်၍ ပြည်ပတင်ပို့မှုခွင့်ပြုသည့်ပမာဏကို လျှော့ချမည့် ပို့ကုန်စည်းမျဉ်းအသစ်ကို ဇန်နဝါရီလ ၁ ရက်မှ စတင်ကာ ဆောင်ရွက်သွားမည်ဟု အစိုးရတာဝန်ရှိသူများက ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြောကြားသည်။

အတည်ပြုထားပြီးဖြစ်သော စည်းမျဉ်းအသစ်အရ ပို့ကုန်လုပ်ငန်းရှင်များအား လက်ရှိ ပြည်တွင်းရောင်းအား၏ ၈ ဆ တင်ပို့ခွင့်ပြုရာမှ ၆ ဆကိုသာ စားအုန်းဆီတင်ပို့ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၂၃ ခုနှစ် ပထမ သုံးလပတ် ကာလတွင် ပြည်တွင်းလုံလောက်မှုရှိစေရန် မူဝါဒပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ မူဝါဒအပြောင်းအလဲကြောင့် ယခင်ထက် ဈေးနှုန်း ၂ ရာခိုင်နှုန်းခန့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ဟင်းချက်ဆီရရှိနိုင်မှုနှင့် ဈေးနှုန်းအပါအဝင် ပြည်တွင်းကုန်ကြမ်းထွက်ရှိမှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစား၍ DMO အချိုးအစားကို အခါအားလျော်စွာ အကဲဖြတ်သွားမည်ဖြစ်ကြောင်း ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာ ညှိနှိုင်းမှုရေးရာဝန်ကြီးဌာနမှ အကြီးတန်းအရာရှိ Septian Hario Setio က ပြောကြားသည်။

၂၀၂၂ ခုနှစ် အစောပိုင်းကာလတွင် အင်ဒိုနီးရှားနိုင်ငံသည် ဟင်းချက်ဆီဈေးနှုန်းများ မြင့်တက်မှုကို ထိန်းသိမ်းနိုင်ရန် အတွက် စားအုန်းဆီထုတ်ကုန်များအပေါ် ပို့ကုန်အစီအမံများကို စတင်ပြဋ္ဌာန်းခဲ့ကြောင်း၊ အင်ဒိုနီးရှားမှ စားသုံးဆီများတင်ပို့မှု

ခေတ္တပိတ်ပင်လိုက်ခြင်းကြောင့် ဈေးကွက်များကို တုန်လှုပ်စေခဲ့ပြီး လက်ရှိကမ္ဘာ့စားသောက်ကုန်ပြတ်လပ်မှုအပေါ် စိုးရိမ်ပူပန်မှုများ ပိုမိုဆိုးရွားလာကာ ပြည်တွင်း၌ ဆီသိုလှောင်မှုများ မြင့်တက်လာခဲ့ကြောင်း၊ လက်ရှိအချိန်တွင် စားအုန်းဆီပြည်ပတင်ပို့မှုနှင့် စပ်လျဉ်း၍ ပြည်တွင်းဈေးကွက်ရောင်းချရန်တာဝန် (Domestic Market Obligation - DMO) ဟု ခေါ်သော အစီအမံကို ကျင့်သုံးနေသည့်အတွက် ပြည်တွင်းဈေးကွက်တွင် သတ်မှတ်ထားသည့်ပမာဏ အချိုးအစားကို တာဝန်ကျေအောင် ရောင်းချမှသာလျှင် ပို့ကုန်ပါမစ်များ ရရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရ၏ ဇီဝဒီဇယ်အစီအစဉ်နှင့် ပထမသုံးလပတ်ကာလတွင် စားအုန်းဆီအထွက်နှုန်း လျော့နည်းမည့် ခန့်မှန်းချက်ကြောင့် ဟင်းချက်ဆီလိုအပ်ချက်နှင့်စပ်လျဉ်း၍ စိုးရိမ်မှုရှိနေကြောင်းကို အစိုးရနှင့်တွေ့ဆုံသည့်အစည်းအဝေးတွင် အင်ဒိုနီးရှားစားအုန်းဆီအသင်း (GAPKI) က ပြောကြားခဲ့ကြောင်း၊ အစိုးရ၏ဇီဝဒီဇယ်ထုတ်လုပ်မှုအစီအစဉ်တွင် ယခင်က ဆီအုန်းပါဝင်မှု ၃၀ ရာခိုင်နှုန်း သတ်မှတ်ခဲ့ရာမှ ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ၃၅ ရာခိုင်နှုန်း တိုးမြှင့်ရန် စီမံဆောင်ရွက်နေကြောင်း၊ ဆီအုန်းအထွက်နှုန်း ကျဆင်းမှုမရှိပါက ဆီအုန်းစက်ရုံများတွင် ဆီအုန်းခိုင်များ စုပုံမှုမရှိစေရေးနှင့် ဆီအုန်းစိုက်တောင်သူများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြန်လည်အကဲဖြတ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားစားအုန်းဆီအသင်း (GAPKI) ၏ အထွေထွေအတွင်းရေးမှူး Eddy Marono က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစားသုံးဆီဖူလုံမှုရှိစေရေးအတွက် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီကို အများဆုံးတင်သွင်းလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒပြောင်းလဲမှုကြောင့် ပြည်တွင်း၌ စားအုန်းဆီဈေးနှုန်းအဆမတန် ကြီးမြင့်ခဲ့ပါသည်။ ယခုတဖန် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သက်ရောက်မည့် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒအသစ်ကြောင့် ပြည်တွင်း၌ စားသုံးဆီရှားပါးခြင်းများ မဖြစ်ပေါ်နိုင်သော်လည်း ဇန်နဝါရီလ နောက်ပိုင်းကာလတွင် ပြည်တွင်း၌ စားအုန်းဆီဈေးနှုန်းကြီးမြင့်နိုင်သည့် အလားအလာရှိကြောင်း သိရှိရပါသည်။

Source: bloomberg, doca

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5590-indonesia-will-reduce-palm-oil-exports-to-ensure-domestic-palm-oil-self-sufficiency.html

## မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း လာအိုနိုင်ငံသည် ၎င်း၏ ဒေသတွင်းအနေအထားကို အသုံးချ၍ ကုန်သွယ်မှု တိုးမြှင့်ရေးဆောင်ရွက်နိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာ၌ ဖော်ပြထား

မဟာမဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion (GMS) Economics Cooperation Programmer) ၏ အဖွဲ့ဝင်ဖြစ်သည့် လာအိုနိုင်ငံသည် ၎င်း၏ ဒေသတွင်းအနေအထားကို အသုံးချလျက် စီးပွားရေးတိုးတက်စေရန်နှင့် ပြင်ပမှ ဂယက်များကို တန်ပြန်နိုင်ရန် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank – ADB) ၏ အစီရင်ခံစာအသစ်အရ သိရှိရပါသည်။

"ဒေသတွင်းစီးပွားရေးပေါင်းစည်းခြင်း၏ အကျိုးကျေးဇူးများကို အသုံးချခြင်း (Leveraging Benefits of Regional Economic Integration)" အစီရင်ခံစာတွင် လာအိုနိုင်ငံအနေဖြင့် ၎င်း၏ ဒေသတွင်းအနေအထားကို အသုံးချပြီး ကုန်သွယ်မှုမြှင့်တင်ရန်၊ လယ်ယာထွက်ကုန်များတိုးမြှင့်ရန်နှင့် မြို့ကြီးများ၏အနေအထားကိုစီမံခန့်ခွဲပြီး ဖွံ့ဖြိုးတိုးတက်မှုတွင် မျှတစွာပါဝင်လာနိုင်ရန် နည်းလမ်းများကို ဖော်ပြထားပါသည်။

ထို့ပြင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်၊ လူမှုအဖွဲ့အစည်းနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား တိုးတက်စေခြင်းဖြင့် နိုင်ငံ၏ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းတို့ကို အခြားမဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်များနှင့် အနီးစပ်ဆုံး ပေါင်းစည်းပေးနိုင်သည့် နည်းလမ်းများကိုလည်း ၎င်းအစီရင်ခံစာတွင် အသေးစိတ် ဖော်ပြထားပါသည်။

အဆိုပါအစီရင်ခံစာတွင် လာအိုနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်ရန်အတွက် ၎င်း၏ တန်ဖိုးကွင်းဆက်အခြေအနေများကို အဆင့်မြှင့်တင်ရန်၊ စက်မှုလုပ်ငန်းများအား ချဲ့ထွင်ရန် (သုံးလေးမျိုးစသည် ခွဲလုပ်ခြင်း) နှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အသုံးချနိုင်ရန် အလားအလာများကိုလည်း ဆွေးနွေးထားပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်၏ လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Sonomi Tanaka က "လာအိုနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ၏ အဓိကကျသည့် မဟာဗျူဟာမြောက်နေရာတွင် တည်ရှိနေပါကြောင်း၊ ၎င်း၏ အိမ်နီးချင်းများနှင့်အတူ ဒေသတွင်းမှတစ်ဆင့် ကျန်ကမ္ဘာ့နိုင်ငံများနှင့် အဓိကကုန်သွယ်ဖက်အဖြစ် ဆောင်ရွက်နေပါကြောင်းနှင့် ယင်းအချက်ကပင် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

လာအိုနိုင်ငံ၏ ဒေသတွင်းအနေအထားအရ အခွင့်အလမ်းများစွာ ရရှိနိုင်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်၏ လေ့လာမှုအရ လာအိုနိုင်ငံသည် ထုတ်ကုန်များအား မျှဝေထုတ်လုပ် (Shared Production) ကာ တိုးမြှင့်တင်ပို့ခြင်းကို ဆောင်ရွက်နိုင်ခြင်း၊

ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုမှ တန်ဖိုးကွင်းဆက်ကို အဆင့်မြှင့်တင်ခြင်းတို့မှာ အရေးကြီးကြောင်း၊ စီးပွားရေးဆိုင်ရာ အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် နှိုင်းယှဉ်အားသာချက်အရ ထုတ်ကုန်အသစ်များကို တိုးမြှင့်ထုတ်လုပ်ရန်နှင့် တစ်ဆင့်ချင်း အသွင်ကူးပြောင်းသွားရန် လိုအပ်ကြောင်းကို အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာက ဖော်ပြထားပါသည်။

လက်ရှိတွင် လာအိုနိုင်ငံ၏ထုတ်ကုန်များတွင် နည်းပညာဖြင့်ပေါင်းစပ်ထုတ်လုပ်သော ကုန်စည်အနည်းငယ်သာရှိပြီး ထုတ်ကုန်အများစုသည် အခြေခံနှင့် နည်းပညာအသုံးပြုမှု အနည်းငယ်ဖြင့် ထုတ်လုပ်ထားသည့် စက်မှုထုတ်ကုန်များသာဖြစ်ပါသည်။ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများနှင့် မြို့ပြများကိုနားလည်ရန် အရေးကြီးကြောင်း၊ လာအိုနိုင်ငံသည် မြို့ပြတိုးချဲ့ခြင်းနှင့် စီးပွားရေးတိုးတက်မှုကြား ချိတ်ဆက်မှုမှာ အားနည်းနေပါကြောင်း ဖော်ပြထားပါသည်။

လာအိုနိုင်ငံ၏ မြို့ပြအသွင်ကူးပြောင်းမှုအရှိန်အဟုန်သည် တိုးတက်နေသော်လည်း မြို့များမှာသေးငယ်ပြီး နေထိုင်သူ ၃၀၀,၀၀၀ ထက်မပိုကြောင်း သိရှိရပါသည်။ လမ်းကြောင်းသစ်များကြောင့် မြို့များနှင့် စီးပွားရေးစကြံများကြား ဆက်သွယ်ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းလာပြီး စီးပွားရေးတိုးတက်မှုအတွက် အလားအလာကောင်းများကို မြှင့်တင်ပေးခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ဖော်ပြထားပါသည်။ ပုဂ္ဂလိကကဏ္ဍတွင် အဆင့်မြင့်နည်းပညာအသုံးပြုသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ပိုမိုထုတ်လုပ်ရန်လိုအပ်ပြီး မြို့ကြီးများမှ အရင်းအမြစ်များကို မျှဝေအသုံးပြုနိုင်ရေးနှင့် ဆန်းသစ်တီထွင်၍ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီးပွားရေးအသွင်ကူးပြောင်းခြင်းဖြစ်စဉ်တွင် ကာလတိုအတွက် ပို့ကုန်အမယ်ခွဲများ ထုတ်လုပ်ခြင်း၊ အစိုးရ-ပုဂ္ဂလိကဆွေးနွေးခြင်းဖြင့် ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေးဗဟိုဖြစ်လာနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ဖော်ပြထားပါသည်။ https://www.vientianetimes.org.la/sub_new/Previous_241/freeContent/FreeC..

Source: https://www.commerce.gov.mm/my/article/update-news-international-trade/

## ဂျာမနီနိုင်ငံတွင် ပထမဦးဆုံး LNG Terminal ဖွင့်လှစ်

ဂျာမနီနိုင်ငံဝန်ကြီးချုပ် Mr.Olaf Scholz နှင့် ဖက်ဒရယ်အစိုးရအဖွဲ့ဝင်များက နိုင်ငံ၏ ပထမဦးဆုံး LNG Terminal ဖွင့်လှစ်ခြင်းကို ဂျာမနီနိုင်ငံမြောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သော Wilhelmshaven တွင် ၁၇.၁၂.၂၀၂၂ ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးဝန်ကြီး Mr.Robert Habeck ၊ ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner နှင့် Lower Saxony ပြည်နယ်ဝန်ကြီးချုပ် Mr.Stephan Weil တို့တက်ရောက်ခဲ့ကြပါသည်။ LNG Terminal သည် မြောက်ဘက် ပင်လယ်ကမ်းခြေတွင်တည်ရှိပြီး တည်ဆောက်ချိန် (၁၀)လသာကြာမြင့်ခဲ့ပြီး ဂျာမနီနိုင်ငံ နှစ်စဉ်ဓါတ်ငွေ့လိုအပ်ချက်၏ (၆) ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။ Mr.Olaf Scholz က ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းသည် ဂျာမနီနိုင်ငံ၏ တိုးတက်မှု အရှိန်အဟုန်အသစ်များ စတင်စွမ်းဆောင်နိုင်ခြင်းကို ပြသလိုက်ခြင်းဖြစ်ကြောင်း၊ ပြောဆိုခဲ့ပါသည်။

ယခုဖွင့်လှစ်လိုက်သော LNG Terminal သည် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးဖွင့်လှစ်ရန်ဆောင်ရွက်နေသည့် LNG Terminal (၅)ခုအနက် ပထမဦးဆုံးဖွင့်လှစ်လိုက်သည့် Terminal ဖြစ်ပြီး ဓါတ်ငွေ့သိုလှောင်သိမ်းဆည်းမှုနှင့် ပြန်လည်ထုတ်လုပ်မှုစနစ်များ ဆောင်ရွက်နိုင်သည့် အထူးသင်္ဘောတပ်ဆင်ထားမှုရှိကြောင်း၊ အခြား Terminal များမှာ နိုင်ငံမြောက်ပိုင်းဒေသများတွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်းသိရှိရပါသည်။ စီးပွားရေးဝန်ကြီး Mr.Robert Habeck က မိမိတို့အနေဖြင့် ဂျာမနီနိုင်ငံ၏ စွမ်းအင်လုံခြုံမှုအတွက် လွန်စွာအရေးပါသောအဆင့်တစ်ခုကို စတင်လိုက်ခြင်းဖြစ်ကြောင်း၊ renewable energy သုံးစွဲရေးကိုလည်း တစ်ချိန်တည်းမှာဆောင်ရွက်လျက်ရှိကြောင်း၊ LNG Terminal များအားလုံးလည်ပတ်နိုင်လျှင် ဂျာမနီနိုင်ငံဓါတ်ငွေ့လိုအပ်ချက်၏ သုံးပုံတစ်ပုံကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

အခြားတစ်ဖက်တွင်လည်း ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးအဖွဲ့များ အထူးသဖြင့် German Federation for the Environment and Nature Conservation (BUND) က LNG Terminal ဖွင့်လှစ်မှုနှင့် ပတ်သက်၍ မြေအောက်ရုပ်ကြွင်းသုံးစွမ်းအင်အရင်းအမြစ်များ သုံးစွဲမှုအပေါ် ဝေဖန်ပြစ်တင်ပြောဆိုမှုများ ရှိလာခဲ့ပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် ရေရှည်စွမ်းအင်လုံလောက်စွာ ဖြည့်တင်းနိုင်ရေးအတွက် သက်တမ်းရင့် ဓါတ်ငွေ့စက်ရုံများ၊ ကျောက်မီးသွေးလောင်စာသုံးစက်ရုံနှင့် နျူကလီးယားစက်ရုံများ ဆက်လက်လည်ပတ်နိုင်ရေးကိုလည်း ဆောင်ရွက်ထားရှိပါသည်။

Source: https://www.dw.com/en/germany-scholz-opens-countrys-first-lng-terminal/a-64134715
Source: (မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)

## အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ ဆီအရောအနှော ၃၅ ရာခိုင်နှုန်းပါဝင်သော ဘိုင်အိုဒီဇယ်ကို အသုံးပြုသွားမည်ဖြစ်

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးနှုန်းကြီးမြင့်မှုကြောင့် လောင်စာဆီသွင်းကုန်လျှော့ချရန်နှင့် ပိုမိုသန့်စင်သောစွမ်းအင်ကို ပြောင်းလဲအသုံးပြုရန် ရည်ရွယ်ချက်များဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှစတင်၍ လောင်စာဆီတွင် ဆီအရောအနှော ၃၅ ရာခိုင်နှုန်းထိ တိုးမြှင့်ထားသည့် ဘိုင်အိုဒီဇယ်ဆီ သတ်မှတ်လိုက်ကြောင်းကို စွမ်းအင်ဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားခဲ့ပါသည်။

ကမ္ဘာ့အကြီးဆုံးစားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ဇီဝရုပ်ကြွင်းလောင်စာ (fossil gasoil) ဆီတွင် စားအုန်းဆီ ၃၀ ရာခိုင်နှုန်းနှင့် ရောစပ်ထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်ဆီအစီအစဉ် (B30 Programme) ကို ၂၀၂၀ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ B30 အစီအစဉ်မှ B35 အစီအစဉ်သို့ တိုးမြှင့်အကောင်အထည်ဖော်နိုင်ရေးအတွက် ဘိုင်အိုဒီဇယ်ဆီ ခန့်မှန်းလိုအပ်ချက်သည် ကီလိုလီတာ ၁၃ ဒသမ ၁၅ သန်း (သို့မဟုတ်) ၂၀၂၂ ခုနှစ်က ဘိုင်အိုဒီဇယ်ဆီသုံးစွဲခဲ့သည့်ပမာဏ (ကီလိုလီတာ ၁၁ ဒသမ ဝ၃ သန်း) ထက် ၁၉ ရာခိုင်နှုန်းတိုးမြှင့်ရန် လိုကြောင်းကို စွမ်းအင်ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Agung Pribadi က ပြောကြားခဲ့ ပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် လာမည့်နှစ်တွင် ဒီဇယ်ဆီ ကီလိုလီတာ ၃၇ ဒသမ ၅၈ သန်း သုံးစွဲနိုင်မည်ဟု ခန့်မှန်းထားရာ ၃၅ ရာခိုင်နှုန်းကို စားအုန်းဆီမှ ထွက်ရှိသည့် ဘိုင်အိုဒီဇယ်ဆီ အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဘိုင်အိုဒီဇယ်ဆီလုပ်ငန်းအတွက် ကီလိုလီတာ ၁၆ ဒသမ ၆၅ သန်း ထုတ်လုပ်နိုင်သည့် စက်တစ်ခုကို တပ်ဆင်ထားပြီးဖြစ်ပါကြောင်းကို စွမ်းအင်ဝန်ကြီးဌာနက ပြောကြားခဲ့ ပါသည်။

ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနက ဘိုင်အိုဒီဇယ်ဆီပိုမိုရောစပ်သုံးစွဲခြင်းကြောင့် အင်ဂျင်စွမ်းဆောင်ရည်ကို မထိခိုက်နိုင်ကြောင်း စားသုံးသူများယုံကြည်ရန် ပိုမိုကောင်းမွန်သော ဘိုင်အိုဒီဇယ်ဆီဖြစ်စေရေး စံချိန်စံညွှန်းအသစ်များကို သတ်မှတ်ထားပါကြောင်း၊ အစိုးရသည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကတည်းက စားအုန်းဆီ ၄၀ ရာခိုင်နှုန်းပါဝင်သည့် ဘိုင်အိုဒီဇယ်ဆီဖြင့် လမ်းမပေါ်တွင် စမ်းသပ်မောင်းနှင်ခဲ့ပြီး၊ အဆိုပါစမ်းသပ်မှုကို ယခုနှစ်ကုန်တွင် အပြီးသတ်နိုင်မည်ဟု မျှော်လင့်ထားပါကြောင်း CNA သတင်းဌာနအရ သိရှိရပါသည်။

Source: https://www.commerce.gov.mm/my/article/update-news-international-trade/

## ကမ္ဘောဒီးယားနိုင်ငံ၌ ပြည်ပသို့ ရော်ဘာတင်ပို့မှု ၂ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာ

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် ပထမ ၁၁ လအတွင်း ရော်ဘာတန်ချိန် ၃၂၂၅၈၆ တန်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး ၎င်းတင်ပို့မှုပမာဏသည် ယမန်နှစ် အလားတူကာလကထက် ၂ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာလုပ်ငန်းဌာနက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဇန်နဝါရီမှ နိုဝင်ဘာလအတွင်း ရော်ဘာတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆၆ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံရော်ဘာလုပ်ငန်းဌာန၏ မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ပထမ ၁၁ လအတွင်း ရော်ဘာခြောက် တစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၄၄၄ ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရော်ဘာလုပ်ငန်းဌာန တာဝန်ရှိသူ Him Oun က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံမှ ရော်ဘာများကို မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ကြောင်းသိရသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ရော်ဘာစိုက်ပျိုးမြေဧက ၄၀၄၅၇၈ ဟက်တာရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ်ထုတ်လုပ်ကာ တရားဝင်ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေ

မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ်ထုတ်လုပ်ကာ တိုင်းရင်းဆေးဝါးမှတ်ပုံတင်ပြီး တရားဝင်ဖြန့်ဖြူးရောင်းချပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ သတင်းများအရသိရသည်။

မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် မြန်မာ့သနပ်ခါးနှင့်ပတ်သက်၍ တန်ဖိုးမြင့်ထုတ်ကုန်အမြောက်အမြား ထုတ်လုပ်နိုင်စေရန်၊ သဘာဝသနပ်ခါးဖြင့် တိုင်းရင်းဆေးအမည်များစွာ ထုတ်လုပ်ဖြန့်ဖြူး

ရောင်းချပေးနိုင်ရန်နှင့် သနပ်ခါးအရွက်မှ တိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ စီစဉ်ဆောင်ရွက်မှုများကို သက်ဆိုင်ရာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာလူမျိုးများအနေဖြင့် သနပ်ခါးကို မျက်နှာအလှအပအတွက် လိမ်းကျံကြပြီး အပူလောင်မှု၊ ရောင်ရမ်းမှုနှင့် ယားနာရောဂါများအတွက်လည်း သနပ်ခါးကို သွေးလိမ်းလေ့ရှိကာ သနပ်ခါးသီးများကို အဆိပ်ဖြေဆေးနှင့်ကျောက်ကပ်ရောဂါ၊ ပြင်းထန်သောအဖျားရောဂါများအတွက် ဖော်စပ်သည့် ဆေးဝါးများတွင် ထည့်သွင်းအသုံးပြုနိုင်ကြောင်း၊ အရွက်ကိုလည်း အနာကြီးရောဂါနှင့် ငှက်ဖျားရောဂါကုသဆေးဝါးများတွင် ထည့်သွင်းအသုံးပြုနိုင်ပြီး အမြစ်ကိုလည်း မီးယပ်ရောဂါနှင့် ကလေး ချွဲကျပ်ရောဂါကု ဆေးဝါးများတွင် ထည့်သွင်းအသုံးပြုကြကြောင်း သိရသည်။

ထို့ပြင် သနပ်ခါးကို ပြည်တွင်း၊ ပြည်ပတက္ကသိုလ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက သိပ္ပံနည်းကျဓာတ်ခွဲ သုတေသနပြု လုပ်ဆောင်ရာတွင် လူ့ခန္ဓာကိုယ်ကို အကျိုးပြုစေသော ဒြပ်ပေါင်း (Bioactive Compounds )ပါဝင်ပြီး ဘေးထွက်ဆိုးကျိုးမရှိကြောင်း၊ မြန်မာနိုင်ငံမှ  စိုက်ပျိုးထွက်ရှိနေသည့် သနပ်ခါးသည် အသားအရေအတွက် ကောင်းကျိုးပြု နိုင်ရုံမျှမကဘဲ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်နေကြောင်း အသိအမှတ်ပြုထားသဖြင့် မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ မြန်မာ့သနပ်ခါးကို ဆေးဝါးအဖြစ်ထုတ်လုပ်ကာ တိုင်းရင်းဆေးမှတ်ပုံတင်ပြီး တရားဝင်ဖြန့်ဖြူး ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။ Source: ရတနာပုံသတင်းစာ

## ကမ္ဘာ့ငါးသလောက်ဈေးကွက်၌ မြန်မာ့ငါးသလောက် နေရာတစ်နေရာရရှိရေး သုတေသနလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

အိမ်နီးချင်းနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌ ငါးသလောက် သားဖောက်ခြင်းလုပ်ငန်း အောင်မြင်မှုရှိသော်လည်း သားပေါက်များရှင်သန်မှုမရှိသောကြောင့် ကမ္ဘာ့ငါးသလောက်ဈေးကွက်၌ အရသာကောင်းမွန်သော မြန်မာ့ငါးသလောက် နေရာတစ်နေရာရရှိရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေငန်တွင်နေထိုင်ပြီး သားပေါက်ရာသီ၌ ရေချိုရှိရာ မြစ်၊ ချောင်းတို့တွင် သားပေါက်လေ့ရှိသော ငါးသလောက်ကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် သားဖောက်လုပ်ငန်းအောင်မြင်သော်လည်း သားပေါက်မှ ဆက်လက်မွေးမြူစဉ် သေဆုံးမှု ကြောင့် မူလအတိုင်း သဘာဝရေပြင်တို့၌သာ မွေးမြူလျက်ရှိကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငါးသလောက်ကို သတ်မှတ် ကာလအတွင်းသာ ဖမ်းဆီးရန်ခွင့်ပြုထားပြီး မျိုးစိတ်များ ပျောက်ကွယ်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ထားကာ ကမ္ဘာ့ ငါးသောက်စားသုံးမှု လိုအပ်ချက်ကို ဟန်ချက်ညီထိန်းညှိ၍ ငါးသလောက်ရေထွက်ကုန်တင်ပို့မှုမှ နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိ လျက်ရှိသည်။ ကမ္ဘာ့ငါးသလောက်ဈေးကွက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဦးဆောင်ထားကာ နိုင်ငံ၏ အမျိုးသားရေထွက်ကုန် အဖြစ် သတ်မှတ်ထိန်းချုပ်ထားသည်။

မြန်မာနိုင်ငံ၌ ဧရာဝတီမြစ်မှ ရရှိသော ငါးသလောက်သည် အရသာကောင်းမွန်သောကြောင့် မြန်မာ့ငါးသလောက် အဖြစ် နာမည်ကျော်လျက်ရှိပြီး မျိုးပွားရှင်သန်စေသော အရွယ်ပါမကျန် ဖမ်းဆီးခြင်းကြောင့် ငါးသလောက် မျိုးပွားခြင်း ကွင်းဆက်ပြတ်ခဲ့ရာ ငါးသလောက် မျိုးဆက်ပြန်လည်ရှင်သန်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနက ထိန်းချုပ်ဆောင်ရွက်လျက် ရှိသည်။

“ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသလောက်ကို သုတေသနလုပ်ငန်းတွေလုပ်ထားတာရှိတယ်။ မွေးမြူလို့တော့ မရသေးဘူး။ သဘာဝရေပြင်မှာပဲထားလို့ရတယ်။ အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်း သားဖောက်အဆင့်ပဲ အောင်မြင်ပြီး အကောင်ပေါက်အောင် မွေးမြူလို့မရခဲ့ကြဘူး။ ဒါကြောင့် သဘာဝရေပြင်မှာပဲ ဧရိယာသတ်မှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်မှုနဲ့ သူတို့မွေးမြူလာကြတာ နှစ်ပေါင်း ၂၀ ကျော်ပြီ။  သဘာဝနေရာမှာပဲ ရှိနေတာဟာ အကောင်းဆုံးဖြစ်တာကြောင့် ဒါကိုပဲ ဆက်ပြီးထိန်းသိမ်းခဲ့ကြတယ်။ အကောင်ပေါက်ပြီးရှင်သန်ကြီးထွားတဲ့အဆင့်ကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေလည်း မအောင်မြင်သေးဘူး။ ဘင်္ဂလားဒေ့ရှ်ကတော့ ငါးသလောက်ကို နိုင်ငံရဲ့ အမျိုးသားငါးအဖြစ် သတ်မှတ်ပြီး ပြည်ပကိုပို့နေတယ်။  မြန်မာ့ငါးသလောက်ဆက်ပြီးရှင်သန်ဖို့ဆိုရင် သုတေသနလုပ်ငန်းတွေ များများလုပ်ဖို့ လိုမယ်။ တားမြစ်ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကို ရေလုပ်သားတွေ လိုက်နာဆောင်ရွက်ပြီး ကျန်တဲ့ဌာနဆိုင်ရာတွေ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့ငါးသလောက်ဟာ ပြည်ပပို့ကုန်တစ်ခုအဖြစ် နိုင်ငံခြားဝင်ငွေရရှိပြီး ဈေးကွက် မှာလည်း ရပ်တည်လာနိုင်မှာပါ” ဟု နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့ငါးသလောက် ပြန်လည်ရှင်သန်နိုင်ရန် အချိန်တစ်ခုရယူရန် လိုအပ်ပြီး ယခုနှစ်တွင် ငါးသလောက် ထိန်းချုပ်ရေး ဧရိယာများကို ဖော်ထုတ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး၌ သားပေါက် ဧရိယာ ၁၁ နေရာသတ်မှတ်၍ တစ်နှစ်ပတ်လုံး မဖမ်းဆီးရန် ဆောင်ရွက်လျက်ရှိကာ အချို့မြစ်၊ ချောင်းများ၌ သတ်မှတ်ထားသော ကာလအတွင်း ဖမ်းဆီးရန် ခွင့်ပြုထားသည်။ လက်ရှိတွင် မြန်မာ့ငါးသလောက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ဥကပ်နေသော ငါးသလောက်များကို ငါးသလောက်ဥဈေးကွက်တစ်ခုအဖြစ် ပြည်တွင်း၌ ရောင်းချလျက်ရှိရာ မျိုးပွားရန်အသင့်ရှိနေသော ငါးသလောက်များကို ထိန်းသိမ်းရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

Source: https://www.burmalibrary.org/sites/burmalibrary.org/files/obl/mal_5.12.22.pdf

# ပြည်ပကုန်သွယ်မှုသတင်း

## ၂၀၂၃ ခုနှစ်တွင် ပဲတီစိမ်း တန်ချိန် ၁၀၀၀၀ ကျော် ပဲတီစိမ်း အီးယူသို့ တင်ပို့မည်

မြန်မာနိုင်ငံမှ ပဲတီစိမ်းများကို နှစ်စဉ်တန်ချိန် ၁၀၀၀၀ ဝန်းကျင် ဝယ်ယူလျက်ရှိသည့် အီးယူနိုင်ငံများသို့ ပဲတီစိမ်း တန်ချိန် ၁၀၀၀၀ ကျော်အထိ လာမည့်နှစ် ၂၀၂၃ ခုနှစ်တွင် တင်ပို့သွားမည်ဖြစ်သည်။

အီးယူနိုင်ငံများက ပဲတီစိမ်းများကို ပဲပင်ပေါက် ပြုလုပ်စားသုံးရန်အတွက် ဝယ်ယူခြင်းဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ၎င်းတို့သတ်မှတ်ထားသော အရည်အသွေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိပြီး ရောဂါပိုးမွှားများ ကင်းရှင်းစေရန် EU Guide Line ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီး တင်ပို့မည်ဖြစ်သည်။

ဥရောပနိုင်ငံသို့ ပဲပင်ပေါက်ပြုလုပ်မည့် ပဲတီစိမ်းတင်ပို့ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (MOALI) နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (M.O.C) တို့ သဘောတူညီချက်အရ ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ပဲရာသီမှာ EU သို့ ပဲတီစိမ်းများတင်ပို့နိုင်ရေးအတွက် တင်ပို့လိုသည့် အဆိုပြုကုမ္ပဏီများ ဖိတ်ခေါ်ခြင်း၊ တောင်သူပညာပေးသင်တန်းများပို့ချခြင်း၊ Farm Collector နှင့် Processor Level စစ်ဆေးခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် EU နိုင်ငံများသို့ Bean sprouting အတွက် မြန်မာ့ပဲများတင်ပို့နိုင်ရေးလုပ်ငန်းကြီးကြပ်အဖွဲ့က အစည်းအဝေး များကျင်းပပေးနေပြီဖြစ်သည်။

Farmer နှင့် Collector Inspection & Testing ကို စိုက်ပျိုးရေးဦးစီးဌာနကလည်းကောင်း၊ Processor Inspection & Training ကို စားသုံးသူရေးရာဦးစီးဌာနကလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ EU ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် Processor Level စစ်ဆေးခြင်းကို MITS သို့ တစ်ဆင့်တာဝန်ပေးအပ်ထားသည်။ Processor Level ပိုင်းကို MITS မှ နှစ်အလိုက် စစ်ဆေးမှုများကတော့ ၂၀၁၈ ခုနှစ်မှာ ကိုးခု၊ ၂၀၁၉ ပြည့်နှစ်မှာ ၁၀ ခု၊ ၂၀၂၀ ခုနှစ်မှာ ခြောက်ခု၊ ၂၀၂၁ ခုနှစ်မှာ ခြောက်ခုနှင့် ၂၀၂၂ ခုနှစ်မှာ ငါးခု အသီးသီးဖြစ်သည်။

EU သို့ မြန်မာ့ပဲများတင်ပို့ရာမှာ Hygiene ပိုင်းကို အဓိကထား စိစစ်လျက်ရှိသည်။ Processor ပိုင်းကို စစ်ဆေးရာမှာ ဝယ်ယူခြင်းနှင့် ပဲအိတ်များ လက်ခံရရှိမှုအပိုင်း၊ ကုန်ကြမ်းနှင့် ကုန်ချောများ သိုလှောင်ရုံ၌ ထားရှိမှုအပိုင်း၊ ပဲတီစိမ်းသန့်စင်မှု အပိုင်း၊ ကုန်သေတ္တာပေါ်တင်ခြင်းနှင့် ပြည်ပတင်ပို့မှုအပိုင်း၊ အရည်အသွေးထိန်းချုပ်မှုအပိုင်း၊ လုပ်သားများ ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အပိုင်းဆိုပြီး အပိုင်း(၆)ပိုင်းခွဲကာ စစ်ဆေးရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်ဆေးရေးလုပ်ငန်းများကို MITS မှ Criteria များနှင့် ကိုက်ညီမှု ရှိ၊ မရှိ လုပ်ဆောင်ရာမှာပထမအကြိမ် စစ်ဆေး ပြီးနောက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက တစ်ကြိမ်သာစစ်ဆေးရေး လုပ်ဆောင်သည်။ သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိပါက ပြုပြင်ရန်များလိုအပ်ချက်များကို စက်ရုံတာဝန်ခံအား အသိပေးရှင်းလင်းပြောကြားခဲ့ပြီး ပြုပြင်ရန် အချိန်တစ်ခု သတ်မှတ်ပေးခဲ့သည်။ ပြင်ဆင်ပြီး ဒုတိယအကြိမ် စစ်ဆေးရန် အဆင်သင့်ဖြစ်ပြီဆိုပါက MITS မှ ဒုတိယအကြိမ် စစ်ဆေးမှုကို ထပ်မံပြုလုပ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း Certificate ကို MITS မှ ဖြည့်စွက် ထုတ်ပေးပြီး စိုက်ပျိုးရေးဦးစီးဌာနသို့ စားသုံးသူရေးရာဦးစီးဌာနကတစ်ဆင့် ပေးပို့ရခြင်းဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနနှင့် GIZ တို့မှ ကျွမ်းကျင်ပညာရှင်များက သင်တန်းပို့ချလေ့ကျင့် ပေးထားသည့် MITS မှ စစ်ဆေးရေးမှူးများက Processor Level ကို စစ်ဆေးပေးနေခြင်းဖြစ်သည်။. မြန်မာ့ပဲတီစိမ်းများကို အဓိကအားဖြင့် နယ်သာလန်၊ အိုင်ယာလန်၊ အင်္ဂလန်၊ ဂျာမနီ စသည့်နိုင်ငံများသို့ အဓိကတင်ပို့ပါသည်။ ၎င်းနိုင်ငံများက အခြားသော ဥရောပနိုင်ငံများသို့ ကုန်သည်အချင်းချင်း ချိတ်ဆက် ဖြန့်ဖြူးရောင်းချပါသည်။ မြန်မာနိုင်ငံက မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊ ပဲတီစိမ်း ကို တရုတ်နှင့် အီးယူသို့ လည်းကောင်း အဓိက တင်ပို့ပါသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5501-bean-sprout.html

## မြန်မာနိုင်ငံမှ မလေးရှားနိုင်ငံသို့ ထောပတ်သီးတန်ချိန် ၅၀ ထိတင်ပို့ရန်လျာထား

မလေးရှားနိုင်ငံသို့ ယခုနှစ်ထောပတ်သီးရာသီအတွင်း မြန်မာ့ထောပတ်သီးတန်ချိန် ၅၀ ထိတင်ပို့ရန် လျာထားဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MAVO) အထွေထွေအတွင်းရေးမှူးထံမှ သိရသည်။

မလေးရှားနိုင်ငံသို့ မြန်မာ့ထောပတ်သီးများ တင်ပို့ခြင်းကို နိုဝင်ဘာလ ပထမပတ်မှစတင် တင်ပို့နေခြင်းဖြစ်ပြီး ယခုနှစ်ထောပတ်သီးရာသီမကုန်မီ တန်ချိန် ၅၀ ထိတင်ပို့နိုင်ရန်လျာထားဆောင်ရွက်နေကြောင်း သိရသည်။ “ပြီးခဲ့တဲ့ နိုဝင်ဘာလ ပထမပတ်ကစပြီး ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံကို ထောပတ်သီးစတင် တင်ပို့နေတာ ဖြစ်ပါတယ်။ လက်ရှိမှာ ထိုင်းနိုင်ငံကို တင်ပို့မှု ခေတ္တရပ်နားထားပြီး မလေးရှားနိုင်ငံကိုတော့ ဆက်လက်တင်ပို့နေပါတယ်။ လတ်တလော မလေးရှားနိုင်ငံကို ထောပတ်သီး ၄၅ တန်လောက်ထိ တင်ပို့ထားပြီးဖြစ်ပါတယ်။ တင်ပို့ရာမှာ ထောပတ်သီး တစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဒေါ်လာလောက် ရရှိနေပါတယ်” ဟု မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MAVO) အထွေထွေအတွင်းရေးမှူးက ပြောပြသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့ထောပတ်သီး နမူနာများကို ပြင်သစ်နိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုသို့ စမ်းသပ်တင်ပို့လျက်ရှိပြီး ထိုင်းနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုက မြန်မာ့ထောပတ်သီးများကို ဝယ်လိုအားရှိနေသော်လည်း အရည်အသွေးဆိုင်ရာ လက်မှတ်များရယူရန် ရှိနေသည့်အတွက် တင်ပို့မှု ခေတ္တဆိုင်ငံ့ထားကြောင်း သိရသည်။

ပြည်ပသို့တင်ပို့နေသည့် မြန်မာ့ထောပတ်သီး Hass အမျိုးအစားမှာ နှစ်စဉ်တန်ချိန် ၃၀၀ နှင့် ၅၀၀ ကြား ထွက်ရှိပြီး ထောပတ်သီးများသည် အောက်တိုဘာလမှ ဇန်နဝါရီလထိ ထွက်ရှိကြောင်း၊ ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တွင် အများဆုံးစိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO) မှ သိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/5527-myanmar-plans-to-export-50-tons-of-avocados-to-malaysia.html

## ရုရှားနိုင်ငံ၌ ကျင်းပမည့် မော်စကိုအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခုနှစ်ခု ပါဝင်ပြသသွားမည်

ရုရှားနိုင်ငံ၌ ၂၀၂၃ ခုနှစ်၊ မတ်လအတွင်း ကျင်းပမည့် မော်စကိုအပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီခုနှစ်ခုပါဝင်ပြသသွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က ပြောပြ၍ သိရသည်။

မော်စကိုအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံမှ ခရီးသွားကုမ္ပဏီ ခုနှစ်ခု သွားရောက်ကာ မြန်မာနိုင်ငံ၏ ခရီးသွားဒေသများရှိ အလှအပဓာတ်ပုံများ၊ ခရီးစဉ်ဒေသများရှိ အထင်ကရနေရာများ၏ အကြောင်းတရားများကို ဗီဒီယိုကလစ်များဖြင့် ပြပွဲလာသူများကို ရှင်းလင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ရုရှားနိုင်ငံမှာ ကျင်းပမဲ့ မော်စကို အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၂ ရက်ကနေ မတ်လ ၁၄ ရက်ထိ ကျင်းပသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံခရီးသွားကုမ္ပဏီ ခုနှစ်ခုက ခရီးသွားဒေသတွေအကြောင်း မိတ်ဆက်ပြသပြီး ခရီးစဉ်တွေ သွားရောက်ရောင်းချပေးဖို့ စာရင်းပေးသွင်းပြီးဖြစ်ပါတယ်။ ရုရှားနိုင်ငံက ခရီးသွားကုမ္ပဏီတွေကိုလည်း မြန်မာနိုင်ငံကိုဖိတ်ခေါ်ပြီး မြန်မာနိုင်ငံက ခရီးစဉ်တွေကို သိရှိလာဖို့အတွက် ဆောင်ရွက်သွားမှာပါ”ဟု ဦးနောင်နောင်ဟန်က ပြောပြသည်။

ရုရှားခရီးသွားများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ရန်အတွက် ရုရှားနိုင်ငံတွင် ပြုလုပ်မည့် ခရီးသွားပြပွဲများတွင် ခရီးစဉ်ဒေသများ မိတ်ဆက်ပြသခြင်း၊ ခရီးစဉ်ရောင်းချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ရုရှားနိုင်ငံမှ ခရီးသွားကိုယ်စားလှယ်များ၊ ခရီးသွားအေဂျင်စီများ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများကို လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပြသခြင်းဖြင့်လည်း မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများ ပိုမိုရင်းနှီးလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်း(ACSP) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်း (ACSP) တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ၁၂-၁၂-၂၀၂၂ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့ရာ ဘရာဇီးလ်နိုင်ငံ၊ ဆော်ပိုလိုကုန်သည်ကြီးများအသင်းနှင့် မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး၊ ဘရာဇီးလျားမြို့မှ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်ခဲ့ပါသည်။

UMFCCI ဒုတိယဥက္ကဋ္ဌမှ UMFCCI အနေဖြင့် ပြည်ပနိုင်ငံများမှ စီးပွားရေးအသင်းအဖွဲ့များနှင့် နားလည်မှုစာချွန်လွှာ (၁၆၄) ခုကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ယခုနားလည်မှုစာချွန်လွှာသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် မြန်မာနိုင်ငံနှင့် ဘရာဇီးလ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်တိုးတက်စေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာစီးပွားရေးကိုယ်စားလှယ်အဖွဲ့ကို ဘရာဇီးလ်နိုင်ငံသို့ မကြာမီအချိန်တွင်စေလွှတ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းနောက် ACSP ဥက္ကဋ္ဌမှ မြန်မာသံအမတ်ကြီး ပါဝင်တက်ရောက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆော်ပိုလိုမြို့သည် ဘရားဇီးလ်နိုင်ငံအတွက်သာမက တောင်အမေရိကတိုက်တွင် အကြီးဆုံးစီးပွားရေးမြို့တော်ဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာ ရှိကြောင်းဖြင့် အမှာစကားပြောကြားခဲ့ကြောင်း သိရှိရပါသည်။ Source: https://myantrade.gov.mm/article/brazil

## မြိတ်ဒေသထွက် ကဏန်းချေးပုံး၊ ငါးအသားလွှာ၊ ငါးမှုန့်နှင့် ခုံးခရုများ ပြည်ပဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် အပတ်စဉ် တင်ပို့ရောင်းချပေးနေရ

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသမှထွက်ရှိသည့် ကဏန်းချေးပုံး၊ ငါးအသားလွှာ၊ ငါးမှုန့်နှင့် ခုံးခရုများ ပြည်ပဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် အပတ်စဉ်တင်ပို့ရောင်းချပေးနေရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ရေဝတီတိုင်းဒေသကြီး မြိတ်ဒေသမှထွက်ရှိသည့် ကဏန်းချေးပုံးခေါ် ကဏန်းငယ်လေးများမှာ ပြည်ပဈေးကွက်တွင် ဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် ဒီဇင်ဘာလ တတိယပတ်အတွင်း ကဏန်းချေးပုံး ၁ ဒသမ ၅ တန်မှ နှစ်တန်ထိ အပတ်စဉ်တင်ပို့ရောင်းချပေးနေရကြောင်း၊ ထို့ပြင် ငါးအသားလွှာနှင့် ငါးမှုန့်များမှာလည်း ပြည်ပဈေးကွက်တွင် ဈေးကွက်ခိုင်မာနေသည့် ရေထွက်ပို့ကုန်တစ်ခုဖြစ်သောကြောင့် ငါးအသားလွှာနှင့် ငါးမှုန့်များကို ဒီဇင်ဘာလ တတိယပတ်အတွင်း ငါးအသားလွှာ ၇ ဒသမ ၂ တန်နှင့် ငါးမှုန့် ၉၄၅ တန် ပြည်ပသို့ အပတ်စဉ်တင်ပို့ရောင်းချပေးနေခဲ့ရကြောင်း သိရသည်။

ထိုသို့ ငါးအသားလွှာနှင့် ငါးမှုန့်များကို ပြည်ပသို့ တင်ပို့ရောင်းချပေးရာတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်းလမ်း၊ ရေလမ်းများဖြင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ မြိတ်ဒေသမှ ပြည်ပသို့ ငါးအသားလွှာနှင့် ငါးမှုန့်များ တင်ပို့ရောင်းချပေးရာတွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ခုံးခရု ခေါ် မြန်မာ့ရှပ်များမှာလည်း ပြည်ပတွင် ဈေးကွက်ခိုင်မာနေသည့် မြိတ်ဒေသထွက် ရေထွက်ပို့ကုန်များဖြစ်သောကြောင့် ခုံးခရုများကိုလည်း ပြည်ပသို့ အပတ်စဉ်တင်ပို့ရောင်းချပေးနေရကြောင်း၊ ပြည်ပသို့ ခုံးခရုများစွာ တင်သွင်းလာစေရေးအတွက် ပစ္စည်းအရည်အသွေးသတ်မှတ်ချက်အနေဖြင့် သီးခြားထုတ်ပြန်ထားခြင်းမရှိသည့်အပြင် ပင်လယ်စာများအပေါ် (Duty rate ) အခွန်ပမာဏ တစ်ရာခိုင်နှုန်းအောက်သာ သတ်မှတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ဈေးဆိုင်များတွင် ပင်လယ်စာဖြစ်သည့် ခုံးခရု ခေါ် မြန်မာ့ရှပ် များမှာ ဈေးကွက်လိုအပ်ချက်မြင့်မားနေသဖြင့် ဈေးကွက်သွက်လက်လှုပ်ရှားနေကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ

## အထူးဆောင်းပါးများ

### ကမ္ဘာ့ဈေးကွက် နှစ်ကြိုသုံးသပ်ချက် - နံ့စား၊ ဆီထွက် ရောင်းအားကျပ်တည်းပြီး ဈေးနှုန်းဆက်တက်နေဦးမည်

မိုးခေါင်တာ၊ မိုးကြီးတာ၊ ယူကရိန်းစစ်ပွဲနဲ့ စွမ်းအင်စရိတ်စကကြီးမြင့်တာတွေကြောင့် လာမဲ့နှစ်မှာလည်း ကမ္ဘာ့လယ်ယာကုန်စည်ထုတ်လုပ်မှုတွေ ဆက်လက်နိမ့်ကျပြီး သီးနှံရောင်းအားကျပ်တည်းဖွယ် ရှိနေပါတယ်။ တစ်ချိန်တည်းမှာပဲ သီးနှံဈေးကောင်းမွန်မှုက တောင်သူလယ်သမားတွေ သီးနှံတိုးချဲ့စိုက်ပျိုးလာအောင် အားပေးလျက်ရှိပါတယ်။

ဆန်နဲ့ဂျုံလို အခြေခံသီးနှံထုတ်လုပ်မှုဟာ အနည်းဆုံး ၂၀၂၃ ပထမနှစ်ဝက်ကုန်တဲ့အထိ လျော့ပါးခဲ့တဲ့ ကုန်စည်တွေကို ပြည်လည်ဖြည့်တင်းပေးနိုင်ဖွယ် မရှိပါဘူး။ လက်တင်အမေရိကနဲ့ အရှေ့တောင်အာရှဒေသမှာတော့ ဆီထွက်သီးနှံတွေဟာ ဆိုးရွားတဲ့ရာသီဥတုဒဏ်ခံရဖို့ ရှိပါတယ်။ "ကမ္ဘာဟာ သီးနှံစံချိန်တင် ထုတ်လုပ်နိုင်မှ ဝယ်လိုအားကို ကုံလုံပြည့်ဝအောင် ဖြည့်ဆည်းနိုင်ပါမယ်။ ၂၀၂၃ ခုနှစ်ထဲမှာ သီးနှံအထွက် ဒီနှစ်ထက် ပိုကောင်းအောင်လုပ်ဖို့ သေချာပေါက် လိုအပ်ပါမယ်" လို့ ဆစ်ဒနီနိုင်ငံ IKON Commodities လယ်ယာကုန်စည်ဝန်ဆောင်မှုလုပ်ငန်းရဲ့ ဒါရိုက်တာ Ole Houe က ပြောပါတယ်။ "လက်ရှိအနေအထားအရ ဒါကဖြစ်နိုင်ခြေ အင်မတန် နည်းပါတယ်။ နံ့စားနဲ့ ဆီထွက်သီးနှံ ကမ္ဘာ့ထုတ်လုပ်မှု အလားအလာ အရပေါ့" လို့ သူက ပြောပါတယ်။ ဂျုံ ပြောင်းနဲ့ စားအုန်းဆီ ကြိုပွိုင့်ဈေးတွေဟာ စံချိန်တင် ဒါမှမဟုတ် နှစ်များစွာအတွင်း အမြင့်ဆုံးနှုန်းတွေကနေ ပြန်လည်ကျဆင်းလာပါပြီ။ ဒါပေမဲ့လက်လီဈေးကွက်တွေမှာ ဈေးကြီးမြင့်နေဆဲဖြစ်သလို ရောင်းကုန် နည်းပါးတာကြောင့် ၂၀၂၃ ရောက်ရင် ဈေးတွေ မြင့်တက်လာဦးမယ်လို့ ခန့်မှန်းထားပါတယ်။

**ဘာကြောင့် အရေးကြီးသလဲ**

ဒီနှစ်ထဲမှာ စားသောက်ကုန်ဈေးတွေ စံချိန်တင်အမြင့်ဆုံး ရောက်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းက သန်းပေါင်းများစွာသော ပြည်သူတွေ ဒုက္ခရောက်ခဲ့ကြပါတယ်။ အဲဒီထဲမှာ ဝေ်မွတ်မှု၊ အာဟာရမပြည့်ဝမှုကို ကြုံတွေ့နေရနှင့်ပြီးဖြစ်တဲ့ ဆင်းရဲတဲ့ အာဖရိက၊ အာရှနိုင်ငံတွေမှာ အထူးတလည် ခံစားခဲ့ကြရပါတယ်။ စားသောက်ကုန်တင်သွင်းမှု စရိတ်ဟာ ၂၀၂၂ အတွင်း ဒေါ်လာ နှစ်ထရီလီယံနီးနီးအထိ စံချိန်တင်ဖို့ ရှိနေတာကြောင့် ဆင်းရဲတဲ့နိုင်ငံတွေဟာ စားသုံးနှုန်းကို မဖြစ်မနေ လျှော့ချခဲ့ကြရပါတယ်။

အမေရိကန်ရှိကာဂို ကုန်စည်ဒိုင်က ဂျုံကြိုပွိုင့်ဈေးနှုန်းတွေဟာ မတ်လအတွင်းက သမိုင်းတစ်လျှောက် အမြင့်ဆုံးနှုန်း တစ်ဘူရှယ်ကို ၁၃ ဒသမ ၆၄ ဒေါ်လာအထိ ခုန်တက်သွားခဲ့ပါတယ်။ ရာသီဥတုဒဏ်နဲ့ ကပ်ရောဂါကာလအလွန် ကန့်သတ်ချက် တွေကြောင့် ဂျုံဈေးကွက် အခြေမလှဖြစ်နေချိန်မှာ ရုရှားနိုင်ငံက ဂျုံအဓိကတင်ပို့တဲ့ ယူကရိန်းကို ကျူးကျော်လိုက်တဲ့အတွက် ဂျုံရောင်းအား ထပ်မံထိခိုက်ကာ ဈေးထောင်တက်သွားခဲ့တာဖြစ်ပါတယ်။ အဲဒီမတ်လထဲမှာပဲ ပြောင်းနဲ့ ပဲပုပ်ဈေးတွေဟာ ဆယ်စုနှစ်တစ်ခုအတွင်း အမြင့်ဆုံးရောက်ရှိခဲ့ပြီး မလေးရှားနိုင်ငံရဲ့ စားအုန်းဆီကြမ်း ဈေးနှုန်းကလည်း စံချိန်တင်အမြင့်ဆုံး ရောက်ရှိခဲ့ပါတယ်။ ခုနောက်ပိုင်းမှာတော့ ဂျုံဈေးတွေဟာ စစ်မဖြစ်ခင်က ရှိခဲ့တဲ့နှုန်းတွေဆီ ပြန်ကျလာပြီး စားအုန်းဆီတွေ လည်း ၄၀ ရာခိုင်နှုန်းဝန်းကျင် တန်ဖိုးကျသွားပါတယ်။ ကမ္ဘာ့စီးပွားရေးပျက်ကပ်စိုးရိမ်မှုတွေ၊ တရုတ်နိုင်ငံရဲ့ ကိုဗစ် ကန့်သတ် ချက်တွေနဲ့ ယူကရိန်းသီးနှံတွေ ပြန်တင်ဖို့ခွင့်ပြုရေးသဘောတူညီမှုတွေ ဖြစ်ပေါ်နေချိန်မှာ ယခုလို ဈေးတွေပြန်ကျလာတာပါ။

**၂၀၂၃ မှာ ဘယ်လိုလာမလဲ**

ကမ္ဘာ့ဂျုံတင်ပို့မှု ဒုတိယအများဆုံး ဩစတြေးလျမှာ မကြာသေးခင်က သီတင်းပတ်တွေအတွင်း ရေကြီးရေလျှံ ဖြစ်ပွား ကာ ရိတ်သိမ်းဖို့အဆင်သင့်ဖြစ်နေတဲ့ ဂျုံသီးနှံတွေ အများအပြားထိခိုက်ပျက်စီးခဲ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ အာဂျင်တီးနား နိုင်ငံမှာတော့ အလွန်ဆိုးရွားတဲ့ မိုးခေါင်မှုကြောင့် ဂျုံသီးနှံအထွက်နှုန်း ၄၀ ရာခိုင်နှုန်းနီးပါး ထိခိုက်ကျဆင်းမယ်လို့ ခန့်မှန်း ထားပါတယ်။ ဒီဖြစ်စဉ်တွေကြောင့် ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာတလွှား ဂျုံဝယ်ယူရရှိနိုင်မှု ကျဆင်းလာပါလိမ့်မယ်။ အမေရိကန်လွင်ပြင်ဒေသကြီးမှာ မိုးနည်းမှုကြောင့် ဆောင်းသီးနှံအနေအထားတွေ ၂၀၁၂ နောက်ပိုင်း အနိမ့်ကျဆုံး ဖြစ်နေပြီး ဒါက ၂၀၂၃ ဒုတိယနှစ်ဝက်ရဲ့ ဂျုံရောင်းအားကို ထိခိုက်စေပါလိမ့်မယ်။

ဆန်ဘက်ကို ကြည့်ရင်တော့ ကမ္ဘာ့တင်ပို့မှုအများဆုံး အိန္ဒိယနိုင်ငံက ယခုနှစ်အစောပိုင်းမှာ စည်းကြပ်ခဲ့တဲ့ ပို့ကုန်ခွန် တွေ ဆက်လက်ထားရှိနေသေးသရွေ့ ဈေးနှုန်းတွေ ကြီးမြင့်မြဲ ကြီးမြင့်နေဦးမယ်လို့ ကုန်သည်တွေက ပြောပါတယ်။ "အိန္ဒိယက လွဲလို့ အခြားဆန်တင်ပို့မှုထိပ်သီးနိုင်ငံတွေမှာ ဆန်ရောင်းအား အတော်လေး နည်းပါးနေပါတယ်။ အိန္ဒိယမှာက ပို့ကုန်ခွန်တွေ စည်းကြပ်ထားတော့ ရောင်းချရမှု လျော့နည်းနေပါတယ်" လို့ စင်ကာပူအခြေစိုက် ဆန်ကုန်သည်တစ်ယောက်က ပြောပါတယ်။ "ဆန်တင်သွင်းမှု/တင်ပို့မှု အများဆုံး နိုင်ငံတစ်ခုခုမှာ မမျှော်လင့်ဘဲ ထွက်နှုန်းထိခိုက်တာမျိုး ကြုံလာရမယ်ဆိုရင် ဆန်ဈေးဟာ အတက်ဘက် ယိမ်းသွားပါလိမ့်မယ်" လို့ ၎င်းက ပြောပါတယ်။

တောင်အမေရိကတိုက်ရဲ့ ပြောင်းနဲ့ ပဲပုပ်သီးနှံ အလားအလာကို ကြည့်ရင် ၂၀၂၃ နှစ်ဆန်းပိုင်း ပေါ်မဲ့သီးနှံတွေအတွက် ကောင်းမွန်နေပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ပဲပုပ်တင်ပို့မှု ထိပ်သီး ဘရာဇီးနိုင်ငံ ဒေသတချို့မှာ ရာသီဥတုပူပြင်းခြောက်သွေ့မှု ကြုံခဲ့ရတာကတော့ စိုးရိမ်စရာအဖြစ် ရှိနေပါတယ်။ ပြောင်း၊ ပဲပုပ်၊ ဂျုံ အပါအဝင် အမေရိကန်ပြည်တွင်းက အဓိကသီးနှံတွေ ရောင်းအားဟာ ၂၀၂၃ ခုနှစ်အထိ ဝယ်လိုအားနဲ့အညီ ဆက်ဖြစ်မယ်လို့ မျှော်လင့်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန USDA ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ၂၀၂၃ သီးနှံတွေ မရိတ်သိမ်းရသေးခင်မှာတော့ အမေရိကန်ပြောင်းရောင်းအားဟာ ဆယ်စုနှစ်အတွင်း အနိမ့်ဆုံး ကျဆင်းနိုင်ပြီး ပဲပုပ်လက်ကျန်က ခုနှစ်နှစ်အတွင်း အနိမ့်ဆုံးနဲ့ ဂျုံလက်ကျန်ကတော့ ၁၅ နှစ် အတွင်း အနိမ့်ကျဆုံး ရောက်ရှိမယ်လို့ USDA က ခန့်မှန်းထားပါတယ်။

ကမ္ဘာမှာ အသုံးအများဆုံးစားဆီဖြစ်တဲ့ စားအုန်းဆီဘက်ကို ကြည့်ရင်တော့ အရှေ့တောင်အာရှဒေသအတွင်း အပူပိုင်းမုန်တိုင်းတွေ တိုက်ခတ်မှုနဲ့ ဓာတ်မြေဩဇာ လုံလုံလောက်လောက် မသုံးစွဲနိုင်မှုတို့ကြောင့် ထွက်နှုန်းထိခိုက်တာတွေ

ရှိနိုင်ပါတယ်။ ဘာပဲဖြစ်ဖြစ် ကောက်ပဲသီးနှံဈေးကောင်းတဲ့အတွက် အိန္ဒိယ၊ တရုတ်၊ ဘရာဇီးတို့လို နိုင်ငံအချို့မှာ တောင်သူလယ်သမားတွေက သီးနှံတိုးချဲ့စိုက်ပျိုးလာကြပါတယ်။ "နိုင်ငံများစွာမှာ သီးနှံစိုက်ပျိုးမှု မြင့်တက်လာပါတယ်။ ဒါပေမဲ့ ဆိုးရွားတဲ့ရာသီဥတုနဲ့ အခြားအကြောင်းတရားတွေကြောင့် အထွက်နှုန်းကတော့ နိမ့်ကျနေဦးမယ်လို့ မျှော်လင့်ပါတယ်။ သီးနှံအထွက်ဟာ နိမ့်ကျသွားတဲ့ ရောင်းအားကို ပြန်လည်ဖြည့်တင်းပေးဖို့ လုံလောက်မှာ မဟုတ်ပါဘူး" လို့ Ole က ပြောပါတယ်။ Ref: Food inflation: Tight grain, oilseed supplies to keep prices elevated - Reuters

Source: https://greenwaymyanmar.com/posts/Food_inflation_Tight_grain_oilseed

## နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေဖို့ ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်တင်စို့

ကမ္ဘာတစ်ဝန်းရှိဒေသများအားလုံးသည် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အကြား ပျမ်းမျှအားဖြင့် လူသားဖွံ့ဖြိုးတိုးတက်လာသော်လည်း လူဦးရေ ၁ ဒသမ ၅ ဘီလီယံနီးပါးတို့မှာ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုအဆင့်အတန်းတို့တွင် နိမ့်ကျနေခြင်းနှင့်အတူ ဆင်းရဲနွမ်းပါးမှုအခြေအနေ အမျိုးမျိုးအောက်တွင် နေထိုင်ကြရသည်။

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးက ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှု၏ အသီးအပွင့်များကို ညီမျှစွာ ရရှိခံစားနိုင်ရေးအတွက် ဆင်းရဲမွဲတေမှုပပျောက်ရန်၊ ကမ္ဘာမြေကိုကာကွယ် စောင့်ရှောက်ရန်နှင့် လူအများငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုရှိစေရန်အတွက် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များ လုပ်ဆောင်ရန် ၂၀၁၅ ခုနှစ်တွင် ထောင်စုနှစ် ကြေညာစာတမ်းကို စတင်ကြေညာကျင့်သုံးခဲ့သည်။

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု**

ယင်းကြေညာစာတမ်းတွင် ပန်းတိုင် ၁၇ ခုရှိကာ ၎င်းကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များ (SDGs) သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာရည်မှန်းချက်များဟု လူသိများသည်။ နိုင်ငံတိုင်း၏ မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ်မှာ မိမိတို့နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအပါအဝင် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများသည် မိမိတို့နိုင်ငံကို ဆင်းရဲမွဲတေမှုသံသရာမှ လွတ်မြောက်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းအားထုတ်လေ့ရှိသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများသည်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် စဉ်ဆက်မပြတ် ရှိနေစေရေးအတွက် ကြိုးစားနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတိုင်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ကို အလေးထား လုပ်ဆောင် လာရသည်။

အဆိုပါရည်မှန်းချက်ပန်းတိုင်းများကို ၁၅ နှစ်အတွင်း အကောင်အထည်ဖော်လုပ်ဆောင်သွားရန် သတ်မှတ်ခဲ့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ပန်းတိုင်များကို ဖော်ဆောင်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသဖြင့် လုပ်ငန်းအများစုသည် မပြီးပြတ်ဘဲ ကျန်ရှိနေခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံမှုပို၍အသေးစိတ်ကျကာ ပြီးပြည့်စုံသည့်လုပ်ငန်းအစီအစဉ်အဖြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်သွားရန် အတည်ပြုခဲ့ကြသည်။ ပန်းတိုင်များသည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ စတင်၍ ၂၀၃၀ ပြည့်နှစ်အထိ ၁၅ နှစ်ကြာအောင် အကောင်အထည်ဖော်သွားမည့် ကာလရှည်ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များဖြစ်သည်။ ကိုဗစ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများ နာလန်ထူရန်နှစ်အတန်ကြာ အချိန်ယူရမည်ဖြစ်ကြောင်းနှင့် အာရှဒေသစီးပွားရေးတိုးတက်မှုသည် နိုင်ငံများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တုံ့ဆိုင်းသွားစေနိုင်သည့် အကြောင်းရင်းခံများဖြစ်သည်။ ကိုဗစ်ကူးစက်ရောဂါ ပျံ့နှံ့မှု၏ နောက်ဆက်တွဲ စီးပွားရေး အကျပ်အတည်းသည် အလုပ်လက်မဲ့များ၊ ဆင်းရဲနွမ်းပါးမှုများ ဖြစ်ပေါ်စေကာ ကျန်းမာရေး၊ အာဟာရမပြည့်ဝမှု၊ ရိက္ခာမဖူလုံမှုများကြောင့် နိုင်ငံများ၏ ဖွံ့ဖြိုးမှုပန်းတိုင်များအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့သည်။

**နှစ်အလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြင့်တင်ရေး**

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၃၀၀၀ ကျော်ရှိသည့်အနက် နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေအရ တစ်နိုင်ငံလုံး တစ်ပြိုင်တည်းဆောင်ရွက်၍ မရနိုင်သဖြင့် နှစ်အလိုက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများမြင့်တင်ရေးကို ဦးစားပေး ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဒေသ၏ကုန်ကြမ်းရရှိနိုင်မှု အပေါ်မူတည်၍ ကျေးရွာတစ်ရွာချင်း ကုန်ပစ္စည်းတစ်မျိုးကို ကျွမ်းကျင်သူအများစုက အရေအတွက်များစွာ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ကျေးရွာများကို ဦးစားပေးရွေးချယ်ရမည်ဖြစ်သည်။ နိုင်ငံတော်က နိုင်ငံ့စီးပွားမြင့်တင်ရေး ရန်ပုံငွေအဖြစ် ကျပ်ဘီလီယံ ၄၀၀ လျာထားသတ်မှတ်၍ တိုင်းဒေသကြီး၊

ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ မတည် ထောက်ပံ့ငွေ ထုတ်ပေးဆောင်ရွက်လျက်ရှိကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်ကုန်များအတွက် ကုန်ကြမ်း ရရှိနိုင်မှု အရေးကြီးသကဲ့သို့ ယင်းကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့် အတွက် ကုန်ကျစရိတ်များကိုလည်း ကြိုတင်တွက်ချက်ရန်လိုအပ်သည်။ ကျွမ်းကျင်လုပ်သားအလွယ်တကူမရရှိနိုင်ပါက ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားမည်ဖြစ်သည်။

အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များက ဈေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအခြေအနေများကို သိရှိနိုင်ရေး နှင့် မြန်မာနိုင်ငံအတွင်း ထုတ်လုပ်သည့် အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများကို အားပေး၍ နိုင်ငံခြားမှတင်သွင်းမှုများ ကို ကန့်သတ်/ ထိန်းချုပ်ပေးရေးဆောင်ရွက်ရန်လည်း လိုအပ်သည်။ သီးနှံထွက်ရှိရာနေရာများမှ သိုလှောင်မည့်နေရာ၊ ကုန်စည်ဒိုင်နေရာများသို့ ပို့ဆောင်ရန်ကုန်ထုတ်လမ်းများကောင်းမွန်ရေး ပိုမိုဆောင်ရွက်ပေးရန်လိုအပ်သည်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် MSME လုပ်ငန်းများကို ကောင်းအောင်ဆောင်ရွက်ပြီး နိုင်ငံခြားဝင်ငွေ စီးဝင်လာ အောင်ကြိုးစား ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးလျက်ရှိသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်း (MSME)များ တိုးတက်အောင်အားပေး၍ ပြည်တွင်းလိုအပ်ချက်ကို ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သည်အထိ ကြိုးစားဆောင်ရွက်ရာတွင် ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်း၊ လုပ်ငန်းများ ရွေးချယ်၍ သင်တန်းများပေးကာ လုပ်ငန်းများဆောင်ရွက်ရမည်ဖြစ်သည်။ ဈေးကွက်နှင့်ချိတ်ဆက်၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်ထားရှိကာ သက်ဆိုင်ရာဌာနများ၊ ကျေးလက်နေပြည်သူများ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်။

**MSME လုပ်ငန်းများအတွက်ချေးငွေ**

MSME လုပ်ငန်းများအတွက် ချေးငွေအမျိုးအစားအလိုက် အများဆုံး ကျပ်သိန်း ၃၀၀ မှသိန်း ၅၀၀ အထိ ပြည်တွင်း ဘဏ် ၁၁ ဘဏ်မှ ချေးငွေလျှောက်ထားနိုင်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီက ထုတ်ပြန်ထားသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုချဲ့ထွင်နိုင်ရေးတို့အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန် MSME ချေးငွေများကို ၂၀၁၂ ခုနှစ်မှစတင်၍ ထုတ်ချေးပေးလျက်ရှိသည်။ MSMEလုပ်ငန်းရှင်များအနေဖြင့် အောက်ဖော်ပြပါချေးငွေ အမျိုးအစား များကို သက်ဆိုင်ရာဘဏ်များသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

JICA Two-Step loan ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ရောဝတီဘဏ်၊ သမဝါယမဘဏ်၊ မြန်မာနိုင်ငံသား များဘဏ်၊ ကမ္ဘောဇဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ မြန်မာရှေ့တိုင်းဘဏ်တို့တွင် ချေးယူနိုင်ကြောင်းသိရသည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလအထိ နိုင်ငံတော် အစိုးရအစီအစဉ်ဖြင့် ထုတ်ချေးသည့် ချေးငွေအစီအစဉ်များအနက် SMIDB (SME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၄၅၆ ဦးသို့ ချေးငွေကျပ် ၂၀၆၃၈ သန်း၊ JICA Two Step Loan (MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၂၀၄၅ ဦးသို့ ချေးငွေကျပ် ၃၆၄၅၃၄ ဒသမ ၁၈ သန်းနှင့် MEB (MSME) ချေးငွေအစီအစဉ်မှ လုပ်ငန်းရှင် ၃၄၂ ဦးသို့ ချေးငွေကျပ် ၂၅၉၇၇ သန်း ထုတ်ချေးပြီးဖြစ်ကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

**နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်**

နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများကို ထောက်ပံ့ကူညီ အားပေးပြီး ပြည်တွင်းထုတ်ကုန်များ အဆင့်အတန်းမြင့်မားတိုးတက်အောင် ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားရေး လုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်လည်ပတ် လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာ ဒေသအသီးသီးရှိ အလားအလာကောင်းသည့် ကုန်ကြမ်းများ၊ လယ်ယာ၊ သားငါးထွက်ကုန်များကို နည်းပညာ၊ စက်ပစ္စည်းအကူညီဖြင့် ကုန်ကြမ်း အဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်ပေါ်ရေးတန်ဖိုးကွင်းဆက် မြှင့်တင်နိုင်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး နိုင်ငံ့ GDP ကိုမြှင့်တင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂)တွင် ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် MSME လုပ်ငန်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိသည်။

ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအနက် MSME လုပ်ငန်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် လုပ်ငန်း ၄၅၀၀၀ ကျော်ရှိသည်။ အခြားဝန်ကြီးဌာနများတွင် မှတ်ပုံတင်ထားသော လုပ်ငန်း ၂၅၀၀၀၀ ကျော် လည်းရှိသည်။ မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းများ ရှင်သန်ရန်နှင့် လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန်အတွက် နိုင်ငံတော်အစိုးရက ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးထားပြီး ချေးငွေပေးဆပ်မှုကာလကိုလည်း သက်တမ်းထပ်မံတိုးမြှင့် ပေးထားသည်။ MSME လုပ်ငန်းများသည် စီးပွားရေးတွင် အင်အားကောင်းပြီး နိုင်ငံ၏ အားသာချက်အပေါ်တွင် အသုံးချနိုင်မည် ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်သည်။ အခွင့်အလမ်းအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လိုအပ်ချက် ဖြစ်သော စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များကို သုံးစွဲသူအကြိုက် ထုတ်လုပ်ပေးရန် လိုအပ်သည်။ စားသောက်ကုန် ပစ္စည်းများကို အဆင့်အတန်းမြင့်မားသော နည်းပညာများအသုံးပြုပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်ထားသည့် သုံးစွဲသူအကြိုက် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြှင့်ကွင်းဆက်နှင့် အပြည်ပြည် ဆိုင်ရာပူးပေါင်းထုတ်လုပ်မှု ကွန်ရက်များသို့ ဝင်ရောက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း၍ ဆောင်ရွက်ကြရန် လိုအပ်သည်။

**ဈေးကွက်သုသေနနှင့် ဒစ်ဂျစ်တယ်နည်းပညာ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စားသုံးသူများ၏ အပြုအမူနှင့်လိုအပ်ချက်ပုံစံများ ပြောင်းလဲလာသည့်အတွက် MSME လုပ်ငန်းများနေဖြင့် ဈေးကွက်သုတေသနရလဒ်များကို လေ့လာဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာကို မဖြစ်မနေ သုံးစွဲရန်လိုအပ်လာပြီဖြစ်သည်။ MSME လုပ်ငန်းများအနေဖြင့် လက်ရှိအချိန်အထိ ဒစ်ဂျစ်တယ်နည်းပညာများကို ထုတ်လုပ်မှု အပိုင်း၊ ဈေးကွက်မြှင့်တင်ရေးအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်အပိုင်းတို့တွင် ကျွမ်းကျင်စွာသုံးစွဲရန် လိုအပ်နေဆဲဖြစ်သည်။ နိုင်ငံတော်အစိုးရက MSME လုပ်ငန်းများ အခွင့်အရေးလက်ဝယ်ရရှိနိုင်ရန်နှင့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက် ပေးလျက်ရှိသည်။ MSME လုပ်ငန်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး မြင့်မားတိုးတက်လာအောင်ကူညီပေးကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်စေရေး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းထုတ်ကုန်များ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မား လျှင် ပြည်တွင်းသုံးစွဲရန်သာမက ပြည်ပသို့တင်ပို့ရန်အတွက်ပါ အလျှံပယ်ထုတ်လုပ်ရမည်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်း အရည်အသွေးအဆင့်အတန်းမှာ မြင့်မားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် လူသုံးကုန်ပစ္စည်း အသေးအမွှားမှအစ ကြီးကြီးမားမားအထိ ယင်းနိုင်ငံများမှ ဝယ်ယူအသုံးပြုလျက်ရှိသည်။ ပြည်တွင်း ထုတ်ကုန်တိုးတက်မြှင့်တင်ထုတ်လုပ်နိုင်မှုကြောင့် ယင်းနိုင်ငံများ၏ စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်ပသွင်းကုန်များကို မှီခိုအားထားနေရသောကြောင့် ကုန်သွယ်မှုလိုငွေပြပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်မှုနှေးကွေးခဲ့သည်။ တစ်ကမ္ဘာလုံးကြုံတွေ့ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးသည် အဆိုးဆုံး အခြေအနေသို့ ရောက်ရှိခဲ့ပြီး လူတစ်ဦးချင်းဝင်ငွေများလည်း ကျဆင်းသွားခဲ့သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေး၊ လူမှုရေး ကဏ္ဍများတွင် တိုက်ရိုက်ထိခိုက်မှုများ ကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ထိခိုက်ခံစားခဲ့ ရသည်။ ငွေကြေးအရင်းအနှီးနည်းသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုထိခိုက်ခဲ့ရသည်။

**နိုင်ငံတကာဈေးကွက်၏ လိုအပ်ချက်**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ရာတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို စံချိန်စံညွှန်း အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီအောင်ကြိုးပမ်း ထုတ်လုပ်ကြရန်လိုအပ်သည်။ ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်ဝင်ရေးဆောင်ရွက်ရာတွင် အရည်အသွေးနှင့်စံချိန်စံညွှန်း ကိုက်ညီရေးသည် အရေးကြီးသည်။ နိုင်ငံတကာဈေးကွက်တွင် ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းများကို ဦးစားပေး၍ အတိအကျ စစ်ဆေးလေ့ရှိပြီး အရည်အသွေး စံချိန်စံညွှန်းနှင့် ကိုက်ညီသော ကုန်ပစ္စည်းများကိုသာ လက်ခံ ဝယ်ယူလေ့ရှိသည်။ ကမ္ဘာပေါ်တွင် ရောဂါအမျိုးမျိုးထူပြောလာသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်ပြီး အရည်အသွေးပြည့်မီသော စားသောက်ကုန်များကို ရွေးချယ်စားသောက်ကြသည့် လူနေမှုပုံစံသစ်သို့ ပြောင်းလဲလာသည်ကို တွေ့ရမည်ဖြစ်သည်။ စားသောက်မှုပုံစံများ ပြောင်းလဲလာမှုအရ လတ်ဆတ်သည့် အသီးအနှံ၊ သားငါး ထုတ်ကုန်များကို ဝယ်ယူစားသောက်ကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူထုတ်လုပ်နေသော

အခြေခံစားသောက်ကုန်များကို စတင်ထုတ်သည့်အချိန်မှစ၍ တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် ဆက်လက်ထုပ်ပိုးပြီးသည်အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အစဉ်အမြဲလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**အရည်အသွေးစစ်ဆေး**

မြန်မာနိုင်ငံတွင် အသေးစားထုတ်ကုန်လုပ်ငန်း ၁၇၂၃၄ ခုရှိသည့်အနက် အသင့်ထုပ်ပိုးပြီး ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်း ၄၂၆၅ ခုရှိနေသည်ဟု သိရသည်။ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှတင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စစ်ဆေးပေးလျက်ရှိသည်။ ကုန်ပစ္စည်းများကို စားသုံးသူများအားရောင်းချရာတွင် အရည်အသွေး စစ်ဆေးပြီးကြောင်း အသိအမှတ်ပြုပြီးမှသာ ပြည်သူများအား ရောင်းချခွင့်ရှိသည်။ မြန်မာနိုင်ငံတွင် အစားအသောက် ထုတ်လုပ်ဖြန့်ဖြူးရန် ထောက်ခံချက်ရရှိပြီးသည့် အစားအသောက်လုပ်ငန်း ၁၀၅၆ ခုနှင့် သောက်ရေသန့်လုပ်ငန်း ၂၃၆၈ ခု ရှိကြောင်းသိရသည်။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသည် စက်မှု၊ နည်းပညာနှင့်စွမ်းအင်ကဏ္ဍများကို အဆင့်မြင့်မားစွာ ဆောင်ရွက် နိုင်ကြပြီး ဖွံ့ဖြိုးပြီးနိုင်ငံငယ်များသည် အသေးစား၊ အလတ်စားလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်ငန်းများကို မြင့်မားအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်ရောက်ရှိရေး**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်၍ ကုန်ထုတ်လုပ်မှု မြှင့်တင်ရာ၌ စိုက်ပျိုးရေး ထုတ်ကုန်များ တိုးတက်ထွက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ နေ့စဉ်လိုအပ်လျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများသည် စီးပွားရေး ဈေးကွက်တွင် တွင်ကျယ်စွာ လည်ပတ်နေသဖြင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်သလို ထုတ်ကုန်ပစ္စည်းများကို အမယ် (အမည်) စုံအောင် ကြိုးပမ်းထုတ်လုပ်ခြင်းဖြင့် ပြည်သူများ၏ ကုန်သွယ်စီးပွား မြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အာရှဖွံ့ဖြိုးမှုဘဏ်၏ စစ်တမ်းများက ကမ္ဘာ့ စီးပွားရေးအကျပ်အတည်းသည် အာရှပစိဖိတ်ဒေသအတွင်း လူ ၂၁ သန်းအား တစ်ရက်လျှင် ၁ ဒသမ ၂၅ ဒေါ်လာအောက် ဝင်ငွေရှိသော အလွန်အမင်းဆင်းရဲနွမ်းပါးမှုအဆင့် ထပ်မံဖြစ်ပေါ်စေနိုင်ကြောင်း ဆိုထားသည်။

သို့ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကောင်းမွန်သောမူဝါဒများနှင့် ထိရောက်သော ဝန်ဆောင်မှုများကို အလေးထား လုပ်ဆောင်သွားရန် လိုအပ်ကြောင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်သို့ ရောက်ရှိရေးအတွက် အချိန်ယူကြိုးပမ်းအားထုတ်ပြီး ကုန်ထုတ်စွမ်းအားမြှင့်တင်ရန် လိုအပ်နေဦးမည်ဟု ရှုမြင်မိပါကြောင်း သိရှိရပါသည်။

Source: မြန်မာ့အလင်းသတင်းစာ

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၂၊ ဒီဇင်ဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 63,174,157.445 | 374.874 | | 1 | ရေနံထွက်ပစ္စည်းများ | 471.146 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 19,371,438.589 | 227.313 | | 2 | ချည်ထည်များ | 99.303 |
| 3 | မတ်ပဲ | မတန် | 93,390.034 | 72.970 | | 3 | စက်နှင့်စက်ပစ္စည်းများ | 91.385 |
| 4 | ဆန် | မတန် | 139,140.200 | 55.035 | | 4 | ဓါတ်မြေသြဇာများ | 58.625 |
| 5 | ပြောင်း | မတန် | 160,582.917 | 47.451 | | 5 | စားအုန်းဆီ | 55.892 |
| 6 | ငါး | မတန် | 25,737.569 | 29.114 | | 6 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 47.772 |
| 7 | ဆန်ကွဲ | မတန် | 75,603.650 | 27.505 | | 7 | ဆေးဝါးပစ္စည်းများ | 43.207 |
| 8 | ရော်ဘာစိမ်း | မတန် | 22,404.900 | 27.480 | | 8 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 37.352 |
| 9 | နှမ်း | မတန် | 19,782.574 | 25.840 | | 9 | ဓါတုဗေဒပစ္စည်းများ | 33.068 |
| 10 | ပဲတီစိမ်း | မတန် | 28,484.663 | 18.086 | | 10 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 32.618 |

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၃၀-၁၂-၂၀၂၂ )ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၃၀-၁၂-၂၀၂၁ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 2703.930 | 2672.311 | 31.619 |
| ၂ | တိရိစ္ဆာန်ထွက် | 18.726 | 5.246 | 13.480 |
| ၃ | ရေထွက် | 548.731 | 580.106 | -31.375 |
| ၄ | သတ္တုတွင်းထွက် | 222.341 | 519.760 | -297.419 |
| ၅ | သစ်တောထွက် | 118.740 | 103.475 | 15.265 |
| ၆ | စက်မှုကုန်ချော | 8469.999 | 6214.615 | 2255.384 |
| ၇ | အခြား | 362.172 | 626.461 | -264.289 |
| | **စုစုပေါင်း** | **12444.639** | **10721.974** | **1722.665** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၃၀-၁၂-၂၀၂၂)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၃၀-၁၂-၂၀၂၁)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2665.855 | 2525.330 | 140.525 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 6123.008 | 4000.618 | 2122.390 |
| ၃ | လူသုံးကုန်ပစ္စည်း | 2242.325 | 2647.818 | -405.493 |
| ၄ | CMP | 1940.637 | 1254.769 | 685.868 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **12971.825** | **10428.535** | **2543.290** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၂၊ ဒီဇင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃.၁.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း(ဟောင်း) | ပေါ်ဆန်း (သစ်) |
|---|---|---|---|
| ဖျာပုံ | – | 63000–65000 | 55000–56000 |
| မြောင်းမြ | – | 64000–68000 | 60000–62000 |
| ဒေးဒရဲ | 43000–44000 | 60000–62000 | 58000–59000 |
| ဝါးခယ်မ | 42000-43000 | 58000–60000 | 55000–56000 |
| ဘိုကလေး | 42000-43000 | 62000–64000 | 53000–55000 |
| မော်ကျွန်း | 43000-44000 | 60000–62000 | 54000–55000 |
| လပွတ္တာ | | 63000–66000 | 57000–59000 |
| ကျိုက်လတ် | 42000–43000 | 60000–62000 | 55000–56000 |
| ဘုရင့်နောင် | 42000–43000 | 85000–95000(ရွှေဘို) | 68000–72000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၂၊ ဒီဇင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.12.2022 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 |
| 2 | 12.12.2022 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 |
| 3 | 19.12.2022 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 |
| 4 | 26.12.2022 | 1200-1250 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 |

Source: MRPPA

## ၂၀၂၂ ဒီဇင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွဲနီ(ရှယ်)(သစ်) | | | ညှော့မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.12.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| 2 | 2.12.2022 | 61000 | 59000 | 58000 | 51500 | 50000 | 49000 | 45000 | 44500 | 43500 | 46000 | 45000 | 44000 |
| | | ဟောင်း | | | | | | ဟောင်း | | | သစ် | | |
| 3 | 5.12.2022 | 62000 | 61000 | 60000 | 51500 | 50000 | 49000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 4 | 6.12.2022 | 62000 | 61000 | 60000 | 51500 | 50000 | 49000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 5 | 7.12.2022 | 62000 | 61000 | 60000 | 51500 | 50000 | 49000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 6 | 8.12.2022 | 62000 | 61000 | 60000 | 51500 | 50000 | 49000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 7 | 9.12.2022 | 62000 | 61000 | 60000 | 51500 | 50000 | 49000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 8 | 12.12.2022 | 62000 | 61000 | 60000 | 52000 | 51000 | 50000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 9 | 13.12.2022 | 62000 | 61000 | 60000 | 52000 | 51000 | 50000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 10 | 14.12.2022 | 62000 | 61000 | 60000 | 52000 | 51000 | 50000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 11 | 15.12.2022 | 62000 | 61000 | 60000 | 52000 | 51000 | 50000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| 12 | 16.12.2022 | 62000 | 61000 | 60000 | 52000 | 51000 | 50000 | 47000 | 46500 | 46000 | 43500 | 43000 | 42500 |
| | | | | | သစ် | | | | | | | | |
| 13 | 19.12.2022 | 62000 | 61000 | 60000 | 48000 | 47000 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 14 | 20.12.2022 | 62000 | 61000 | 60000 | 48000 | 47000 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 15 | 21.12.2022 | 62000 | 61000 | 60000 | 48000 | 47000 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 16 | 23.12.2022 | 62000 | 61000 | 60000 | 48000 | 47000 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 17 | 26.12.2022 | 62000 | 61000 | 60000 | 47000 | 16500 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 18 | 27.12.2022 | 62000 | 61000 | 60000 | 47000 | 16500 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 19 | 28.12.2022 | 62000 | 61000 | 60000 | 47000 | 16500 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 20 | 29.12.2022 | 62000 | 61000 | 60000 | 47000 | 16500 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |
| 21 | 30.12.2022 | 62000 | 61000 | 60000 | 47000 | 16500 | 46000 | 47000 | 46500 | 46000 | 43000 | 42500 | 42000 |

**Source:** Myanmar Rice

## ၂၀၂၂ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2022 | 2022 | | | | |
| 1 | 1.12.2022 | 1695000 | 1900000 | 1478900–1635100 | 1733100–1837200 | 1938200–1990300 | 1543200–1705500 |
| 2 | 2.12.2022 | 1738000 | 1900000 | 1478900–1583000 | 1733100–1837200 | 1938200–1990300 | 1543200–1705500 |
| 3 | 5.12.2022 | 1721000 | 1835000 | 1426900–1482000 | 1733100–1837200 | 1889200–1938200 | 1543200–1653500 |
| 4 | 6.12.2022 | 17125000 | 1835000 | 1426900–1482000 | 1733100–1837200 | 1889200–1938200 | 1543200–1653500 |
| 5 | 7.12.2022 | 1740000 | 1835000 | 1426900–1482000 | 1733100–1837200 | 1889200–1938200 | 1543200–1653500 |
| 6 | 8.12.2022 | 1735000 | 1835000 | 1426900–1482000 | 1733100–1837200 | 1889200–1938200 | 1543200–1653500 |
| 7 | 9.12.2022 | 1751000 | 1835000 | 1408500–1429900 | 1733100–1837200 | 1889200–1938200 | 1543200–1653500 |
| 8 | 12.12.2022 | 1787000 | 1835000 | 1408500–1429900 | 1733100–1837200 | 1889200–1938200 | 1543200–1653500 |
| 9 | 13.12.2022 | 1838000 | 1875000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 10 | 14.12.2022 | 1824000 | 1865000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 11 | 15.12.2022 | 1820000 | 1840000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 12 | 16.12.2022 | 1782000 | 1760000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 13 | 19.12.2022 | 1730000 | 1720000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 14 | 20.12.2022 | 1749000 | 1745000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 15 | 21.12.2022 | 1760000 | 1783000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 16 | 23.12.2022 | 1760000 | 1783000 | 125800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 17 | 26.12.2022 | 1722500 | 1745000 | 1273800–1377900 | 1733100–1837200 | 1990300–2042300 | 1543200–1653500 |
| 18 | 27.12.2022 | 1707500 | 1734000 | 1273800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 19 | 28.12.2022 | 1722000 | 1752500 | 1273800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| | 29.12.2022 | 1692000 | 1760000 | 1273800–1377900 | 1733100–1837200 | 1990300–2091300 | 1543200–1653500 |
| 20 | 30.12.2022 | 1685000 | 1744000 | 1273800–1377900 | 1733100–1837200 | 2039300–2091300 | 1543200–1653500 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂၊ ဒီဇင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.12.2022 | 2706800–276490 | 1224800–1276800 | 1325800–1377900 | 1580000–1635100 | 710400–722600 |
| 2 | 2.12.2022 | 2706800–276490 | 1224800–1276800 | 1325800–1377900 | 1540200–1583000 | 710400–722600 |
| 3 | 5.12.2022 | 2706800–276490 | 1273800–1307500 | 1325800–1377900 | 1509500–1583000 | 698100–710400 |
| 4 | 6.12.2022 | 2706800–276490 | 1273800–1307500 | 1304400–1347300 | 1509500–1583000 | 698100–710400 |
| 5 | 7.12.2022 | 2654700–2709800 | 1273800–1307500 | 1304400–1347300 | 1509500–1583000 | 698100–710400 |
| 6 | 8.12.2022 | 2654700–2709800 | 1304400–1328900 | 1304400–1338100 | 1509500–1583000 | 679800–692000 |
| 7 | 9.12.2022 | 2654700–2709800 | 1286000–1316600 | 1304400–1338100 | 1509500–1583000 | 679800–692000 |
| 8 | 12.12.2022 | 2599600–2709800 | 1286000–1316600 | 1273800–1307500 | 1509500–1583000 | 679800–692000 |
| 9 | 13.12.2022 | 2599600–2657800 | 1286000–1316600 | 1255400–1307500 | 1509500–1583000 | 679800–692000 |
| 10 | 14.12.2022 | 2599600–2657800 | 1273800–128600 | 1255400–1307500 | 1580000–1635100 | 679800–692000 |
| 11 | 15.12.2022 | 2599600–2657800 | 1273800–128600 | 1255400–1307500 | 1632000–1705500 | 679800–692000 |
| 12 | 16.12.2022 | 2599600–2657800 | 1273800–128600 | 1255400–1307500 | 1632000–1684100 | 679800–692000 |
| 13 | 19.12.2022 | 2599600–2657800 | 1255400–1276800 | 1255400–1307500 | 1580000–1635100 | 692000–704200 |
| 14 | 20.12.2022 | 2599600–2657800 | 1255400–1276800 | 1255400–1307500 | 1580000–1635100 | 692000–704200 |
| 15 | 21.12.2022 | 2599600–2657800 | 1212500–1224800 | 125540–1276800 | 1580000–1635100 | 692000–704200 |
| 16 | 23.12.2022 | 2599600–2657800 | 1212500–1224800 | 125540–1276800 | 1580000–1635100 | 692000–704200 |
| 17 | 26.12.2022 | 2599600–2657800 | 1203300–1224800 | 125540–1276800 | 1632000–1684100 | 704200–716500 |
| 18 | 27.12.2022 | 2599600–2657800 | 1224800–1246200 | 125540–1276800 | 1632000–1684100 | 704200–716500 |
| | 28.12.2022 | 2599600–2657800 | 1234000–1246200 | 125540–1276800 | 1632000–1684100 | 704200–716500 |
| 19 | 29.12.2022 | 2599600–2657800 | 1234000–1246200 | 125540–1276800 | 1632000–1684100 | 704200–716500 |
| 20 | 30.12.2022 | 2599600–2657800 | 1234000–1255400 | 125540–1276800 | 1632000–1684100 | 704200–716500 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | | |
|---|---|---|---|---|---|
| 1 | 1.12.2022 | 1778 | 1782 | 2670000 | 2666000 |
| 2 | 2.12.2022 | 1797 | 1810 | 2680000 | 2669000 |
| 3 | 5.12.2022 | 1811 | 1814 | 2680000 | 2656000 |
| 4 | 6.12.2022 | 1775 | 1778 | 2650000 | 2648000 |
| 5 | 7.12.2022 | 1775 | 1778 | 2657000 | 2657000 |
| 6 | 8.12.2022 | 1786 | 1789 | 2660000 | 2657000 |
| 7 | 9.12.2022 | 1797 | 1801 | 2670000 | 2665000 |
| 8 | 12.12.2022 | 1789 | 1820 | 2657000 | 2656000 |
| 9 | 13.12.2022 | 1785 | 1788 | 2662000 | 2662000 |
| 10 | 14.12.2022 | 1812 | 1816 | 2675000 | 2664000 |
| 11 | 15.12.2022 | 1795 | 1797 | 2685000 | N/A |
| 12 | 16.12.2022 | 1783 | 1789 | 2678000 | 2675000 |
| 13 | 19.12.2022 | 1795 | 1798 | 2670000 | 2666000 |
| 14 | 20.12.2022 | 1794 | 1799 | 2675000 | N/A |
| 15 | 21.12.2022 | 1817 | 1820 | 2688000 | 2686000 |
| 16 | 23.12.2022 | 1795 | 1799 | 2675000 | 2676000 |
| 17 | 26.12.2022 | 1802 | 1804 | 2685000 | 2680000 |
| 18 | 27.12.2022 | 1807 | 1810 | 2682000 | 2680000 |
| 19 | 28.12.2022 | 1812 | 1820 | 2685000 | 2682500 |
| 20 | 29.12.2022 | 1810 | 1813 | 2682000 | 2682500 |
| 21 | 30.12.2022 | 1816 | 1825 | 2693000 | 2692000 |

Source: Bullionvault,

မှတ်ချက်။ e-trademyanmar မှ ရန်ကုန်၊ မန္တလေး ရွှေဈေးမတက်ပါသဖြင့် ဖော်ပြခြင်းမရှိပါ။ ဈေးနှုန်းထွက်ရှိပါက ပြန်လည်တင်ပြပေးပါမည်။

## ၂၀၂၂၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.12.2022 to 2.12.2022 | 5.12.2022 to 9.12.2022 | 12.12..2022 to 16.12.2022 | 19.12.2022 to 23.12.2022 | 26.12.2022 to 30.12.2022 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 crop) | FAQ | 725-745 | 735-755 | 760-780 | 745-765 | 730-750 |
| | SQ | 820-840 | 830-850 | 860-880 | 845-865 | 820-840 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 810-860 | 820-870 | 845-895 | 830-880 | 815-865 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 860-910 | 875-925 | 900-950 | 885-935 | 870-920 |
| | အခွံပါ အခြမ်း | 760-810 | 760-810 | 785-835 | 770-820 | 755-805 |
| ပဲတီစိမ်း 2022 Crop | FAQ (အညာ) | 660-690 | 650-700 | 650-710 | 650-710 | 650-710 |
| | ရွှေဂါအသေး (Under 3.5 mm) | 800-825 | 790-815 | 790-815 | 790-815 | 790-815 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 950-975 | 920-940 | 920-940 | 920-940 | 920-940 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 900-925 | 870-890 | 870-890 | 870-890 | 870-890 |
| ပဲတီစိမ်း 2022 Crop | FAQ ပဲနောက် | 550-600 | 550-600 | 550-600 | 550-600 | 550-600 |
| | SQ ပဲနောက် | 700-750 | 700-750 | 700-750 | 700-750 | 700-750 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 750-800 | 750-800 | 750-800 | 750-800 | 750-800 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 905-955 | 905-955 | 905-955 | 905-955 | 905-955 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 775-825 | 775-825 | 775-825 | 775-825 | 775-825 |
| ပဲစင်းငုံ (2022 crop) | အနီ (FAQ) | 780-800 | 780-800 | 775-795 | 740-760 | 735-755 |
| | ဖြူနီ /အဖြူ (FAQ) | 720-750 | 720-750 | 720-750 | 730-750 | 730-750 |
| | အခွံချွတ်အခြမ်း | 1100-1125 | 1100-1125 | 1090-1115 | 1050-1075 | 1050-1075 |
| ကုလားပဲဖြူလုံးကြီး | FAQ | 675-700 | 675-700 | 675-700 | 675-700 | 675-700 |
| | အခွံချွတ်အခြမ်း | 995-1000 | 995-1000 | 995-1000 | 995-1000 | 995-1000 |
| ပဲလွန်းဖြူ | FAQ | 550-600 | 540-590 | 540-590 | 540-590 | 540-590 |
| | SQ | 670-700 | 670-700 | 670-700 | 670-700 | 670-700 |
| | အခွံချွတ်အခြမ်း | 800-820 | 800-820 | 800-820 | 800-820 | 800-820 |
| ပဲလွန်းနီ | FAQ | - | - | 690-700 | 715-725 | 715-725 |
| ပဲထောပတ် | FAQ | 670-690 | 670-690 | 670-690 | 670-690 | 670-690 |
| | အခွံချွတ်အခြမ်း | 775-800 | 775-800 | 775-800 | 775-800 | 775-800 |
| ပြောင်းဆံ | | 300-320 | 300-320 | 300-320 | 300-320 | 300-320 |
| နှမ်းဖြူ | | 1425-1475 | 1425-1475 | 1425-1475 | 1450-1500 | 1525-1575 |
| နှမ်းနက် (စမုံ) | | 1425-1475 | 1425-1475 | 1425-1475 | 1450-1500 | 1500-1550 |
| နှမ်းညို | | 1200-1250 | 1200-1250 | 1200-1250 | 1225-1275 | 1225-1275 |
| နှမ်းနက် (ရိုးရိုး) | | 1200-1250 | 1200-1250 | 1200-1250 | 1225-1275 | 1225-1275 |
| ပဲကြီး | | 1150-1175 | 1100-1125 | 1100-1125 | 1075-1100 | 1075-1100 |
| ပဲယင်း | | 530-555 | 525-550 | 525-550 | 525-550 | 525-550 |
| ဘိုကိတ် | | - | - | - | - | - |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 3011.2022 to 6.12.2022 | 7.12.2022 to 13.12.2022 | 14.12.2022 to 20.12.2022 | 21.12.2022 to 27.12.2022 | 28.12.2022 To 3.1.2023 |
|---|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 415-425 | 415-425 | 415-425 | 415-425 | 425-430 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 405-415 | 405-415 | 405-415 | 405-415 | 420-425 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 395-405 | 395-405 | 395-405 | 395-405 | 415-420 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 390-395 | 390-395 | 390-395 | 390-395 | 410-415 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 385-390 | 385-390 | 385-390 | 385-390 | 405-410 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 385-390 | 385-390 | 385-390 | 385-390 | 410-415 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 380-385 | 380-385 | 380-385 | 380-385 | 405-410 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 375-380 | 375-380 | 375-380 | 375-380 | 400-405 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 370-375 | 370-375 | 370-375 | 370-375 | 395-400 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 370-375 | 370-375 | 370-375 | 370-375 | 395-400 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 420-430 | 420-430 | 420-430 | 420-430 | 430-435 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 410-420 | 410-420 | 410-420 | 410-420 | 425-430 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 400-410 | 400-410 | 400-410 | 400-410 | 420-425 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 390-400 | 390-400 | 390-400 | 390-400 | 410-420 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 410-415 | 410-415 | 410-415 | 410-415 | 430-435 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 405-410 | 405-410 | 405-410 | 405-410 | 425-430 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 400-405 | 400-405 | 400-405 | 400-405 | 420-425 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 390-400 | 390-400 | 390-400 | 390-400 | 410-420 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 420-430 | 420-430 | 420-430 | 420-430 | 430-435 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 410-420 | 410-420 | 410-420 | 410-420 | 425-430 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 400-410 | 400-410 | 400-410 | 400-410 | 420-425 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 390-400 | 390-400 | 390-400 | 390-400 | 410-420 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 420-430 | 420-430 | 420-430 | 420-430 | 430-435 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 410-420 | 410-420 | 410-420 | 410-420 | 425-430 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 400-410 | 400-410 | 400-410 | 400-410 | 420-425 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 390-400 | 390-400 | 390-400 | 390-400 | 410-420 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 485-505 | 485-505 | 485-505 | 485-505 | 510-520 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 480-500 | 480-500 | 480-500 | 480-500 | 505-515 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 440-450 | 440-450 | 440-450 | 440-450 | 500-520 |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 500-520 | 500-520 | 500-520 | 500-520 | 510-520 |
| 31 | Myanmar Glutinous Rice 5% Broken | 500-520 | 500-520 | 500-520 | 500-520 | 650-700 |
| 32 | Myanmar Glutinous Rice 10 % Broken | 490-500 | 490-500 | 490-500 | 490-500 | 600-650 |
| 33 | Myanmar Glutinous Rice 15 % Broken | 480-490 | 480-490 | 480-490 | 480-490 | 590-600 |

**Source: MRF**

## ၂၀၂၂၊ ဒီဇင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.12.2022 | 80.33 | 85.43 | 241.85 | 7.01 | 336.29 |
| 2 | 2.12.2022 | 80.50 | 85.89 | 241.60 | 7.00 | 335.89 |
| 3 | 5.12.2022 | 80.90 | 86.53 | 230.52 | 5.87 | 318.77 |
| 4 | 6.12.2022 | 77.56 | 83.30 | 222.62 | 5.61 | 302.72 |
| 5 | 7.12.2022 | 74.23 | 79.46 | 215.87 | 5.53 | 291.32 |
| 6 | 8.12.2022 | 72.81 | 77.97 | 209.15 | 5.93 | 279.37 |
| 7 | 9.12.2022 | 72.09 | 76.81 | 206.46 | 5.91 | 287.85 |
| 8 | 12.12.2022 | 71.64 | 76.61 | 205.59 | 6.87 | 283.00 |
| 9 | 13.12.2022 | 74.01 | 78.93 | 210.23 | 6.65 | 296.80 |
| 10 | 14.12.2022 | 75.21 | 80.46 | 216.12 | 6.79 | 308.98 |
| 11 | 15.12.2022 | 76.47 | 72.00 | 222.25 | 6.51 | 324.40 |
| 12 | 16.12.2022 | 76.05 | 81.18 | 217.52 | 6.79 | 328.05 |
| 13 | 19.12.2022 | 75.16 | 79.93 | 215.25 | 6.19 | 315.81 |
| 14 | 20.12.2022 | 75.71 | 80.33 | 219.43 | 5.85 | 307.86 |
| 15 | 21.12.2022 | 76.09 | 80.10 | 221.86 | 5.47 | 306.24 |
| 16 | 23.12.2022 | 78.31 | 81.62 | 226.27 | 5.13 | 314.87 |
| 17 | 26.12.2022 | 79.56 | 83.92 | 238.36 | 5.08 | 326.61 |
| 18 | 27.12.2022 | 80.14 | 84.49 | 239.44 | 5.28 | 334.51 |
| 19 | 28.12.2022 | 79.65 | 84.49 | 236.73 | 5.00 | 335.82 |
| 20 | 29.12.2022 | 78.68 | 83.00 | 234.98 | 4.71 | 333.25 |
| 21 | 30.12.2022 | 78.49 | 83.44 | 237.07 | 4.53 | 333.80 |

**Source: Bloomberg Commodities**

## ၂၀၂၂၊ ဒီဇင်ဘာလအတွင်း ရော်ဘာဈေးနှုန်း (၁၀၀ kg / ဒေါ်လာ)

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | 01 Dec 2022 | 107.27 | * | 179.90 | * | 134.15 |
| 2 | 02 Dec 2022 | 107.61 | * | 179.25 | * | 134.25 |
| 3 | 03 Dec 2022 | * | * | 179.25 | * | * |
| 4 | 05 Dec 2022 | 108.34 | * | 177.75 | * | 137.25 |
| 5 | 06 Dec 2022 | 107.57 | * | 175.00 | * | 136.70 |
| 6 | 07 Dec 2022 | 107.63 | * | 173.85 | * | 137.95 |
| 7 | 08 Dec 2022 | 107.55 | * | 173.80 | * | 139.30 |
| 8 | 09 Dec 2022 | 108.07 | * | 173.35 | * | 140.50 |
| 9 | 10 Dec 2022 | * | * | 173.35 | * | * |
| 10 | 12 Dec 2022 | 106.58 | * | 172.45 | * | 137.85 |
| 11 | 13 Dec 2022 | 105.60 | * | 171.65 | * | 136.85 |
| 12 | 14 Dec 2022 | 107.19 | * | 171.50 | * | 139.15 |
| 13 | 15 Dec 2022 | 108.38 | * | 170.35 | * | 137.65 |
| 14 | 16 Dec 2022 | 108.29 | * | 169.65 | * | 139.10 |
| 15 | 17 Dec 2022 | * | * | 169.05 | * | * |
| 16 | 19 Dec 2022 | 109.43 | * | 168.80 | * | 137.70 |
| 17 | 20 Dec 2022 | 109.69 | * | 167.90 | * | 132.50 |
| 18 | 21 Dec 2022 | 110.30 | * | 167.30 | * | 132.20 |
| 19 | 22 Dec 2022 | 110.43 | * | 166.95 | * | 131.05 |
| 20 | 23 Dec 2022 | 110.92 | * | 165.95 | * | 128.15 |
| 21 | 24 Dec 2022 | * | * | 165.30 | * | * |
| 22 | 26 Dec 2022 | * | * | 164.40 | * | * |
| 23 | 27 Dec 2022 | 110.49 | * | 163.65 | * | 129.25 |
| 24 | 28 Dec 2022 | 108.88 | * | 163.40 | * | 131.05 |
| 25 | 29 Dec 2022 | 107.79 | * | 164.20 | * | 129.60 |
| 26 | 30 Dec 2022 | 108.39 | * | 164.90 | * | 129.35 |
| 27 | 31 Dec 2022 | * | * | 165.50 | * | * |

Source: Association of natural rubber producing countries

## ၂၀၂၂၊ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.12.2022 | 2860-2870 | 2860-2870 |
| 2 | 2.12.2022 | 2870-2890 | 2860-2870 |
| 3 | 5.12.2022 | 2840-2850 | 2830-2840 |
| 4 | 6.12.2022 | 2810-2820 | 2800-2810 |
| 5 | 7.12.2022 | 2820-2830 | 2830-2840 |
| 6 | 8.12.2022 | 2830-2840 | 2830-2840 |
| 7 | 9.12.2022 | 2830-2840 | 2830-2840 |
| 8 | 12.12.2022 | 2810-2820 | 2800-2810 |
| 9 | 13.12.2022 | 2810-2820 | 2810-2820 |
| 10 | 14.12.2022 | 2830-2840 | 2830-2840 |
| 11 | 15.12.2022 | 2850-2860 | 2870-2880 |
| 12 | 16.12.2022 | 2870-2880 | 2850-2860 |
| 13 | 19.12.2022 | 2825-2835 | 2825-2835 |
| 14 | 20.12.2022 | 2820-2830 | 2820-2830 |
| 15 | 21.12.2022 | 2850-2860 | 2840-2850 |
| 16 | 23.12.2022 | 2830-2840 | 2825-2835 |
| 17 | 26.12.2022 | 2830-2840 | 2830-2840 |
| 18 | 27.12.2022 | 2830-2840 | 2830-2840 |
| 19 | 28.12.2022 | 1830-2840 | 2840-2850 |
| 20 | 29.12.2022 | 2845-2850 | 2835-2840 |
| 21 | 30.12.2022 | 2830-2840 | 2820-2840 |

Source: e trade Myanmar

## ၂၀၂၂၊ ဒီဇင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.12.2022 | 2100.0 | 60.009 | 296.30 | 1545.6 | 25.837 | 1539.0 |
| 2 | 2.12.2022 | 2100.0 | 60.388 | 298.94 | 1555.3 | 25.835 | 1569.4 |
| 3 | 5.12.2022 | 2100.0 | 60.449 | 302.08 | 1558.3 | 25.680 | 1553 |
| 4 | 6.12.2022 | 2100.0 | 59.923 | 300.37 | 1547.7 | 25.420 | 1535.9 |
| 5 | 7.12.2022 | 2100.0 | 59.289 | 300.86 | 1544.1 | 25.448 | 1526.0 |
| 6 | 8.12.2022 | 2100.0 | 60.319 | 301.25 | 1546.9 | 25.745 | 1532.1 |
| 7 | 9.12.2022 | 2100.0 | 60.371 | 302.16 | 1552.4 | 25.519 | 1540.8 |
| 8 | 12.12.2022 | 2100.0 | 60.432 | 301.11 | 1551.7 | 25.43 | 1534.9 |
| 9 | 13.12.2022 | 2100.0 | 60.336 | 300.86 | 1549.5 | 25.369 | 1525 |
| 10 | 14.12.2022 | 2100.0 | 60.738 | 302.26 | 1559.9 | 25.461 | 1553.9 |
| 11 | 15.12.2022 | 2100.0 | 60.137 | 301.04 | 1550.3 | 25.385 | 1538.3 |
| 12 | 16.12.2022 | 2100.0 | 60.034 | 301.08 | 1545.1 | 25.337 | 1530.8 |
| 13 | 19.12.2022 | 2100.0 | 60.293 | 301.25 | 1549.1 | 25.401 | 1543.7 |
| 14 | 20.12.2022 | 2100.0 | 60.432 | 301.45 | 1554.5 | 25.365 | 1585.1 |
| 15 | 21.12.2022 | 2100.0 | 60.475 | 301.20 | 1554.5 | 25.372 | 1595.4 |
| 16 | 23.12.2022 | 2100.0 | 60.458 | 300.51 | 1555.3 | 25.342 | 1583.3 |
| 17 | 26.12.2022 | 2100.0 | 60.440 | 301.71 | 1557.3 | 25.408 | 1577.1 |
| 18 | 27.12.2022 | 2100.0 | 60.650 | 301.62 | 1561.3 | 25.356 | 1577.5 |
| 19 | 28.12.2022 | 2100.0 | 60.406 | 301.11 | 1556.8 | 25.346 | 1566.9 |
| 20 | 29.12.2022 | 2100.0 | 60.579 | 301.64 | 1557.2 | 25.362 | 1571.1 |
| 21 | 30.12.2022 | 2100.0 | 60.834 | 302.52 | 1565.0 | 25.378 | 1592.2 |

Source: Central Bank of Myanmar